ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

e - paper ဖတ်ရှုရန်

**ရန်တုံ့မမူသဖြင့်သာလျှင် ရန်တို့ ငြိမ်း**

ဤလောက၌ ရန်တို့သည် ရန်တုံ့မူခြင်းအားဖြင့် ဘယ်အခါမှ မငြိမ်းကုန်၊ ရန်တုံ့မမူသဖြင့်သာလျှင် ရန်တို့သည် ငြိမ်းကုန်၏၊ ဤသို့ ရန်တုံ့မမူသဖြင့် ရန်ငြိမ်းခြင်းသည် ရှေးအစဉ်အလာ ဓမ္မတာသဘော ပေတည်း။

ယမကဝဂ်( ဓမ္မပဒ - ၅)

၁၃၈၈ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၉ ရက်၊ ကြာသပတေးနေ့။ Thursday, 23 July 2026 ၁၂၂၄၈

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ ကာဇက်စတန်သမ္မတနိုင်ငံ သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

## နှစ်နိုင်ငံအကြားချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ၊ သံတမန်ဆက်ဆံမှုများ ယခုထက်ပိုမိုမြှင့်တင်ဆောင်ရွက်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီးဆွေးနွေး

နေပြည်တော် ဇူလိုင် ၂၂

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ကာဇက်စတန်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူညီပြီးဖြစ်သော H.E. Mr. Margulan Baimukhan သည် ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ၏ ဧည့်ခန်းဆောင်တော်၌ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

ဦးစွာ မြန်မာနိုင်ငံဆိုင်ရာ ကာဇက်စတန် သမ္မတနိုင်ငံ သံအမတ်ကြီးသည် နိုင်ငံတော်သမ္မတ၏ ဧည့်ဆောင်တော် ဂုဏ်ပြုဆောင် ခန်းမသို့ ရောက်ရှိပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အလံနှင့် ကာဇက်စတန်သမ္မတနိုင်ငံအလံတို့အား အလေးပြုသည်။ ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✳



နိုင်ငံတော် သမ္မတ ဦးမင်းအောင်လှိုင် ထံ ကာဇက်စတန် သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Margulan Baimukhan က ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ်။

**ယနေ့ ဖတ်စရာ**

လွှတ်တော်ကိုယ်စားလှယ်များ စွမ်းရည်မြှင့်တင်ရေးအတွက် နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်ရေးနှင့် စက်မှုကဏ္ဍဆိုင်ရာ ဆောင်ရွက်ချက်များ ရှင်းလင်းတင်ပြ
စာမျက်နှာ » ၆

ဟိုတယ်လုပ်ငန်းမှ လူငယ် ၁၈၈ ဦး၊ ခရီးလှည့်လည်ရေးလုပ်ငန်းမှ လူငယ် ၃၄၄ ဦး အတွက် အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးနိုင်
စာမျက်နှာ » ၁၂

## မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်

နေပြည်တော် ဇူလိုင် ၂၂

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

## ဖလမ်း၊ တီးတိန်၊ တွန်းဇံမြို့တို့တွင် ဦးစီးဌာနရုံးပေါင်း ၁၁၀ ဖွင့်လှစ် ကျန်းမာရေး၊ ပညာရေးဝန်ထမ်းများအပါအဝင် အရာထမ်း၊ အမှုထမ်းပေါင်း ၄၀၀၃ ဦးဖြင့် လုပ်ငန်းတာဝန်များ ထမ်းဆောင်လျက်ရှိ

နေပြည်တော် ဇူလိုင် ၂၂

ဖလမ်းမြို့နယ်တွင် ဦးစီးဌာန ရုံးပေါင်း ၃၈ ရုံး ဖွင့်လှစ်နိုင်ပြီဖြစ်ပြီး ကျန်းမာရေး၊ ပညာရေးဝန်ထမ်းများအပါအဝင် အရာထမ်း၊ အမှုထမ်း ၁၃၉၇ ဦးဖြင့် လုပ်ငန်းတာဝန်များကို ထမ်းဆောင်နေပြီဖြစ်ကြောင်းနှင့် ဖလမ်း၊ တီးတိန်၊ တွန်းဇံမြို့တို့တွင် ဦးစီးဌာနရုံးပေါင်း ၁၁၀ ဖွင့်လှစ်လျက်ရှိပြီး ကျန်းမာရေး၊ ပညာရေးဝန်ထမ်းများအပါအဝင် အရာထမ်း၊ အမှုထမ်းပေါင်း ၄၀၀၃ ဦးဖြင့် ဌာနဆိုင်ရာ လုပ်ငန်းတာဝန်များကို ထမ်းဆောင်လျက်ရှိကြောင်း သိရသည်။

စာမျက်နှာ ၅ ကော်လံ ၄ သို့ ✤

**လေးဝတီ ကုလားတန် အမြန်အေးချမ်း မိုးဆန်းပန်းသို့ ...**

ဆောင်းပါး စာမျက်နှာ » ၁၁

## စာဆိုဗိမာန်သို့ လာရောက်လေ့လာကြည့်ရှုနိုင်

ရန်ကုန် ဇူလိုင် ၂၂

မြန်မာ့စာပေယဉ်ကျေးမှု အမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် ပြည်သူများ လေ့လာမှတ်သား သိရှိနိုင်စေရန် ခေတ်အဆက်ဆက် မြန်မာစာဆိုတော်ကြီးများအား ဂုဏ်ပြုချီးမြှင့်ရာရောက်စေမည့် စာဆိုဗိမာန်ကို ဇူလိုင် ၂၅ ရက်ရက်မှစ၍ အပတ်စဉ် အင်္ဂါ၊ ကြာသပတေးနှင့် စနေနေ့များတွင် အများပြည်သူသို့ အခမဲ့ဖွင့်လှစ်ပြသသွားမည်ဖြစ်သည်။ စာပေဝါသနာရှင်များ၊ ကျောင်းသား ကျောင်းသူများနှင့် မိဘပြည်သူများအနေဖြင့် အဆိုပါနေ့များတွင် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအထိ လာရောက်လေ့လာနိုင်ရန် ဖိတ်ခေါ်ထားသည်။

စာဆိုဗိမာန်ကို ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် ဗိုလ်မင်းခေါင်လမ်း ဥယျာဉ်ရပ်ကွက် အမှတ် ၁၈(A) တွင် ဖွင့်လှစ်ထားသည်။ **သတင်းစဉ်**



ကြေးမုံ

# အသိပညာ၊ အတတ်ပညာပြည့်စုံ အတွေးအခေါ်မှန်ကန်ရေးကြိုးပမ်း

နိုင်ငံတစ်နိုင်ငံတွင် ပညာတတ်များပေါများလျှင်၊ ပညာရေးအဆင့်အတန်းမြင့်မားလျှင် နိုင်ငံလည်း ဖွံ့ဖြိုးတိုးတက်သည်ကို တွေ့နိုင်သည်။ မြန်မာနိုင်ငံတွင် အကြောင်းအမျိုးမျိုးဖြင့် နိုင်ငံသူ နိုင်ငံသားများ ပညာတတ်မြောက်ရေး၌ အားနည်းခဲ့သည်ကိုတွေ့ရမည်ဖြစ်သည်။ ပညာရေးအားနည်းချက် အကျိုးဆက်အနေဖြင့် စဉ်းစားတွေးခေါ်မြော်မြင်နိုင်စွမ်း၊ အကြောင်းအကျိုး၊ အကောင်းအဆိုး ဝေဖန်သုံးသပ်နိုင်စွမ်းတို့၌ အများစုမှာ အားနည်းနေသည်ကို တွေ့နိုင်သည်။ အချို့ပညာရေးအားနည်းသော်လည်း တွေးခေါ်မြော်မြင် ဆင်ခြင်သုံးသပ်နိုင်စွမ်းမြင့်မားသူအချို့လည်းရှိပါသည်။ အချို့ပညာတတ်သော်လည်း တွေးခေါ်မြော်မြင် ဆင်ခြင်နိုင်စွမ်းအားနည်းသူလည်းရှိပါသည်။ မည်သို့ပင်ဖြစ်စေ တစ်နိုင်ငံလုံးအတိုင်းအတာအရ အများစုပညာတတ်မှု၊ အမှားအမှန် အကောင်းအဆိုး ခွဲခြားနိုင်မှုရှိဖို့လိုအပ်ပါသည်။

အထူးသဖြင့် တစ်မျိုးသားလုံးအကျိုးစီးပွားနှင့်စပ်လျဉ်းလျှင် ဉာဏ်ပညာအမြော်အမြင် ဆင်ခြင်နိုင်စွမ်း၏ အရေးပါမှုကို နိုင်ငံရေး၊ စီးပွားရေးတည်ငြိမ်နေသည့်နိုင်ငံများတွင်တွေ့နိုင်သည်။ မြန်မာ့နိုင်ငံရေးသမိုင်းတွင် ၁၉၈၈ ခုနှစ်နှင့်၂၀၂၁ ခုနှစ်တွင် နိုင်ငံ၏ဖြစ်ပေါ်ခဲ့သည့် အခြေအနေများကို မှန်မှန်ကန်ကန် ရှုမြင်သုံးသပ်ကြည့်နိုင်သည်။ ပြီးခဲ့သည့်ကာလက နိုင်ငံရေးအရ သဘောထားကွဲလွဲမှုများ ဖြစ်ပေါ်လာချိန်တွင် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို မလိုလားသည့်ပြည်ပအဖွဲ့အစည်းများနှင့် ပြည်တွင်းမှ လူပုဂ္ဂိုလ်များ၏ သွေးထိုးလှုံ့ဆော်မှုများကို နားယောင်ကာ ဆူပူအကြမ်းဖက်မှုလမ်းကြောင်းပေါ်သို့ ရောက်ရှိသွားကြခြင်း၊ အကြမ်းဖက်လမ်းစဉ်သို့ ရောက်ရှိသွားခြင်းတို့တွင် အများစုမှာ ဆင်ခြင်တုံတရားအားနည်းသည့် ပညာအခြေခံလိုအပ်ချက်များကြောင့်ဖြစ်သည်ကို သုံးသပ်ကြည့်နိုင်သည်။

နိုင်ငံအတွင်း စုစည်းညီညွတ်မှုနှင့် စည်းလုံးညီညွတ်မှုရှိမှသာ နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နိုင်မည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ဖြစ်ပေါ်ခဲ့သော ပဋိပက္ခများ၊ အရေးအခင်းများကို လေ့လာကြည့်လျှင် ဖြစ်စဉ်အခြေခံအကြောင်းတရားများ တူညီနေသည်ကို တွေ့ရမည်ဖြစ်သည်။ အရေးအခင်းများ၊ အကြမ်းဖက်မှုများတွင် ပညာတတ်သူများပါဝင်သလို ပညာအခြေခံအားနည်းသူများမှာ အသုံးချခံများအဖြစ် အများအပြားပါဝင်လာသည်ကို လေ့လာသုံးသပ်တွေ့ရှိနိုင်သည်။ တစ်ပြည်လုံးအတိုင်းအတာအရကြည့်မည်ဆိုလျှင် ပညာရေးအားနည်းမှုသည် အခြေခံကျသောအကြောင်းအချက်ဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ဇူလိုင် ၂၁ ရက်က ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ အစိုးရအဖွဲ့ဝင်များ၊ တာဝန်ရှိသူများအား တွေ့ဆုံစဉ် “ကျောင်းနေအရွယ် ကလေးငယ်များကို ငယ်ရွယ်စဉ်မှစ၍ အသိပညာ၊ အတတ်ပညာများရရှိအောင် ဆောင်ရွက်ပေးနိုင်ခြင်းအားဖြင့် ၎င်းတို့ဘဝတိုးတက်ရေးအတွက် များစွာအထောက်အကူပြုစေမည်ဖြစ်သကဲ့သို့ နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကိုလည်း များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း၊ အသိပညာ၊ အတတ်ပညာပြည့်စုံပြီး အတွေးအခေါ်မှန်ကန်ကောင်းမွန်သည့် လူငယ်များကို မွေးထုတ်ပေးနိုင်မှသာလျှင် နိုင်ငံ၏အနာဂတ်သည်လည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ပညာရေးအရ အားနည်းချက်များကို မြင်အောင်ကြည့်၍ အားလုံးက ဝိုင်းဝန်းပြုပြင်ထိန်းသိမ်းဆောင်ရွက်သွားကြရန်လိုကြောင်း” ပြောကြားခဲ့သည်။

ခေတ်အဆက်ဆက် နိုင်ငံတော်တာဝန်ထမ်းဆောင်ခဲ့ကြသည့် အစိုးရများအနေဖြင့် နိုင်ငံတော်၏ ပညာရေးအားနည်းချက်များကို ပြုပြင်ထိန်းသိမ်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ပညာရေးကဏ္ဍ ပညာသင်ကြားရေး၌ အားနည်းချက်များရှိနေဆဲဖြစ်သည်။ ပညာရေးအားနည်းမှုတွင် ပညာသင်ကြားရာ၌ အမှန်တကယ်ပညာတတ်မြောက်ရေးထက် အတန်းတက်ရေးကိုသာ ဦးစားပေးဆောင်ရွက်ခဲ့ခြင်းသည်လည်း အကြောင်းတစ်ချက်ပါဝင်သည်။ ထို့ကြောင့် ၂၀၂၁ ခုနှစ်မှစတင်၍ အခြေခံပညာနှင့်အဆင့်မြင့်ပညာကဏ္ဍတွင် ပညာရည်မြင့်မားရေးကို ဦးစားပေးဆောင်ရွက်ခဲ့သည်။ ကျောင်းသား ကျောင်းသူများကို သက်ဆိုင်ရာဘာသာရပ်နှင့် အတန်းအလိုက်သင်ကြားပေးသည့် ပညာရပ်များကို အမှန်တကယ်သိရှိနားလည်သဘောပေါက်အောင် ကြိုးစားသင်ကြားပြသပေးကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်၏အနာဂတ်အတွက် အမှန်တကယ် ပညာတတ်ကျွမ်းသည့်၊ ဆင်ခြင်သုံးသပ်နိုင်စွမ်းမြင့်မားသည့် လူသားအရင်းအမြစ်ကောင်းများ မွေးထုတ်ပေးနိုင်ရန်အတွက် ကျောင်းသင်ပညာရပ်များကို ကျေလည်အောင်တတ်မြောက်ပြီး အခြားဗဟုသုတ၊ ပြည်သူ့နီတိ၊ လူမှုဆက်ဆံရေး စသည့်ဘာသာရပ်များတွင်လည်း လက်တွေ့ဘဝနှင့်ထင်ဟပ်ကာ နှံ့စပ်တတ်မြောက်သိမြင်လာအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

## (၂၂-၇-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၅၃ ~ ၃၆၆၉ | ၅၅၇ ~ ၅၅၈.၇ | ၁၂၅.၃ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၉,၁၁၀,၉၆၈.၂၇ | ၁,၃၄၄,၀၅၆.၃၅ | ၃၂,၃၂၆,၂၅၄.၃၀ | - |
| ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့် ပမာဏ | | | | |

ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ ဆေးနှင့်ဆေးဝါးကုန်ကြမ်းပစ္စည်း၊ စက်မှုကုန်ကြမ်း၊ ဂျုံ၊ ဓာတ်မြေသြဇာ၊ ကား/ဆိုင်ကယ်အပိုပစ္စည်း၊ စိုက်ပျိုးရေးလုပ်ငန်းသုံးပစ္စည်း၊ ထုပ်ပိုးမှုပစ္စည်း၊ စားသုံးကုန်စည်၊ တိရစ္ဆာန်အစာ၊ ကတ္တရာတင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍဝင်ရောက်ငွေမှ အမေရိကန် ဒေါ်လာ ၀.၇၉ သန်းအား စားသုံးဆီကဏ္ဍသို့လည်းကောင်း၊ အမေရိကန်ဒေါ်လာ ၀.၀၁ သန်းအား CMP ကဏ္ဍသို့ လည်းကောင်း ရောင်းချပေးခဲ့ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

## ညောင်ဦးမြို့ မြစိမ်းရောင်(ငါးကဏ္ဍ) အတိုးရငွေဖြင့် ကွန်ကရစ်လမ်းခင်းပေး

ညောင်ဦး ဇူလိုင် ၂၂

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ညောင်ဦးခရိုင် ငါးလုပ်ငန်းဦးစီးဌာန မြစိမ်းရောင်(ငါးကဏ္ဍ) မတည်ငွေ ကျပ်သိန်း ၃၀၀ မှ အတိုးရရှိငွေဖြင့် ညောင်ဦးမြို့နယ် အရှေ့ပုလင်းကျေးရွာ တောင်မြောက်အလယ်လမ်းမကြီး ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပေးသည်။

ညောင်ဦးမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနက အရင်းမပျောက်မတည်ရန်ပုံငွေဖြင့် အတိုးရငွေ၏ ၅၀ ရာခိုင်နှုန်းအတွင်း ပါဝင်သော ကျပ် ၂၅ သိန်းဖြင့် အရှေ့ပုလင်းကျေးရွာ တောင်မြောက်ရွာအလယ်လမ်း (အလျား ၆၃ ပေ x အနံ ၁၂ ပေ x ဒု ခြောက်လက်မ)ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ပြီးစီးခဲ့ကြောင်း သိရသည်။

ဒီပါလင်း

## မိုးစပါးစံပြကွက်များ ဆောင်ရွက်သည့် တောင်သူများအား ဓာတ်မြေသြဇာများပေးအပ်

မာန်အောင် ဇူလိုင် ၂၂

ရခိုင်ပြည်နယ် မာန်အောင်မြို့နယ်တွင် စမ်းသပ်ကွက်၊ မိုးစပါးအထူးဇုန်စံပြကွက်နှင့် ပန်းတိုင်အထွက်နှုန်းရရှိရေး စံပြကွက်များဆောင်ရွက်သည့် တောင်သူများအား ယူရီးယားဓာတ်မြေသြဇာနှင့် ကွန်ပေါင်းဓာတ်မြေသြဇာများ ပေးအပ်ခြင်းအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ မာန်အောင်မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းသန်းက အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးထွန်းစောက အထွက်နှုန်းပိုမိုရရှိကာ သီးနှံအရည်အသွေးကောင်းမွန်ရေး ဆွေးနွေးခဲ့သည်။ ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက ဓာတ်မြေသြဇာများပေးအပ်ခဲ့ရာ တောင်သူများက လက်ခံရယူခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ၂၂ - ၇ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၆၉၀၀၀၀၀** ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၂ - ၇ - ၂၀၂၆

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၇,၅၀၀ | ၁၈,၀၀၀ | ၅,၆၆၃ | ၁၀၁,၅၇၆,၅၀၀ |
| MTSH | ၈,၅၀၀ | ၈,၅၀၀ | ၁,၀၆၅ | ၈,၈၇၇,၆၀၀ |
| MCB | ၁၃,၅၀၀ | ၁၃,၅၀၀ | ၀ | ၀ |
| FPB | ၇,၀၀၀ | ၇,၀၀၀ | ၁၆၉ | ၁,၁၇၃,၀၀၀ |
| TMH | ၃,၆၅၀ | ၃,၇၀၀ | ၂၉ | ၁၀၃,၉၅၀ |
| EFR | ၁,၉၀၀ | ၁,၈၅၀ | ၄,၀၀၇ | ၇,၃၃၂,၇၀၀ |
| AMATA | ၄,၂၀၀ | ၄,၂၀၀ | ၃၄ | ၁၄၁,၄၀၀ |
| MAEX | ၆,၃၀၀ | ၆,၂၀၀ | ၁,၁၆၉ | ၇,၃၀၇,၇၀၀ |
| MADPL(PLB) | ၆,၂၀၀ | ၆,၄၀၀ | ၆,၆၈၃ | ၄၂,၇၄၄,၁၀၀ |
| ASPGB(PLB) | ၁၁၀,၀၀၀ | ၁၂၀,၀၀၀ | ၁,၆၇၂ | ၁၉၂,၉၂၀,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဝင်းနိုင်
စာတည်းမှူး - အေးဝမ်းစိုး
စာတည်းများ - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဦ၊ နိုင်လင်းကြည်
ဘာသာပြန် - အောင်ကျော်ကျော်၊ စိုးသူရ
အကြီးတန်း သတင်းထောက်များ - ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
အငယ်တန်း သတင်းထောက်များ - အောင်ကျော်ဦး၊ သန်းတင်အောင်၊ ခင်သက်မွန်၊ မြသီတာ
သုတေသန - ဇင်မာဝင့်
စာပြင် - ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - နီလာစိုးနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်သူအားလုံး စုစည်းညီညွတ်ဖို့လို

**ညီညွတ်ဖို့ဆိုရင် စည်းကမ်းကို နားလည်ဖို့လိုတယ်၊ ဥပဒေကို နားလည်ဖို့လိုတယ်၊ ဒါဆို အသိပညာ၊ အတတ်ပညာတွေ ကျွန်တော်တို့ ရအောင်လုပ်ပါမယ်၊ ဒီလိုနဲ့ပေါင်းစပ်ပြီး လုပ်မှာဖြစ်ပါတယ်၊ ဒါကြောင့် အင်မတန်အရေးကြီးပါတယ်။ တိုင်းပြည်တိုးတက်ဖို့ဆိုရင် တိုင်းပြည်မှာရှိတဲ့ ပြည်သူလူထုအားလုံး စုစည်းညီညွတ်ဖို့ လိုပါတယ်။**

*(နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၁၉-၇-၂၀၂၆ ရက်နေ့ အာဇာနည်နေ့အခမ်းအနားသို့ လာရောက်ဂါရဝပြုရခြင်းနှင့် ပစ္စုပ္ပန်ကာလတွင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့နှင့်စပ်လျဉ်း၍ မီဒီယာများ၏ မေးမြန်းမှုများ ဖြေကြားချက်မှ ကောက်နုတ်ချက်)*



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ကာဇက်စတန်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Margulan Baimukhan အား လက်ခံတွေ့ဆုံစဉ်။

✲ ရှေ့ဖုံးမှ

ကာဇက်စတန် သမ္မတနိုင်ငံ သံအမတ်ကြီးသည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူပြီး ဂုဏ်ပြုတပ်ဖွဲ့က နှစ်နိုင်ငံ နိုင်ငံတော်သီချင်းများကို တီးမှုတ်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ၏ ဧည့်ဆောင်တော်၊ သံတမန်ဆောင်ဧည့်ခန်းမ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ ကာဇက်စတန် သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Margulan Baimukhan က ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

ဆက်လက်၍ မြန်မာနိုင်ငံနှင့် ကာဇက်စတန်နိုင်ငံတို့ အကြား အလှမ်းကွာဝေး သော်လည်း အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုနှင့် ချစ်ကြည်ရင်းနှီးမှုများ ခိုင်မာတိုးတက်ကောင်းမွန်လျက် ရှိမှု၊ မြန်မာနိုင်ငံတွင် လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ခဲ့မှုနှင့် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် ရွေးကောက်ခံ အစိုးရအဖွဲ့မှ နိုင်ငံတော်တာဝန် ထမ်းဆောင်နေမှုအပေါ် ကာဇက်စတန်နိုင်ငံအနေဖြင့် ဝမ်းမြောက်ဂုဏ်ယူလျက်ရှိမှု၊ မကြာမီကာလအတွင်း ကာဇက်စတန်နိုင်ငံတွင် ပါလီမန် ရွေးကောက်ပွဲကျင်းပပြုလုပ်သွားမည့်အခြေအနေနှင့် မြန်မာနိုင်ငံ ရွေးကောက်ပွဲကော်မရှင်မှ တာဝန်ရှိသူများကို လာရောက်လေ့လာနိုင်ရေး ဖိတ်ကြားထားရှိမှု၊ နှစ်နိုင်ငံ အကြား ကုန်သွယ်ရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ စိုက်ပျိုးရေး ကဏ္ဍ၊ သတ္တုတူးဖော်ထုတ်လုပ်ရေးကဏ္ဍ၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ ဒီဂျစ်တယ်နည်းပညာကဏ္ဍ၊ ပို့ဆောင်ရေးကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင် ဆောင်ရွက်သွားမည့် အခြေအနေ၊ ကာဇက်စတန်နိုင်ငံ၌ ရွေးကောက်ပွဲ ကျင်းပပြုလုပ်ပြီးချိန်တွင် နှစ်နိုင်ငံလွှတ်တော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင် ဆောင်ရွက်သွားမည့် အခြေအနေ၊ ကာဇက်စတန်နိုင်ငံအနေဖြင့် အလယ်အာရှဒေသတွင် တည်ရှိပြီး တရုတ်နိုင်ငံကို ဖြတ်သန်း၍ မြန်မာနိုင်ငံမှတစ်ဆင့် တောင်အာရှ နိုင်ငံများနှင့် အာဆီယံနိုင်ငံများအကြား စီးပွားရေး ကူးလူးဆက်ဆံမှုများ တိုးမြှင့်ဆောင်ရွက်သွားနိုင်သည့် အခြေအနေများ၊ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာဆက်ဆံရေး ပိုမိုတိုးတက် ကောင်းမွန်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသကဲ့သို့ ဒေသတွင်းနိုင်ငံများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် လည်း ဆက်ဆံရေး တိုးတက်ကောင်းမွန်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိမှု၊ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ၊ သံတမန်ဆက်ဆံမှုများ ယခုထက် ပိုမိုမြှင့်တင်ဆောင်ရွက်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီးဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတနှင့် မြန်မာနိုင်ငံဆိုင်ရာ ကာဇက်စတန် သမ္မတနိုင်ငံ သံအမတ်ကြီးတို့သည် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

အဆိုပါ သံအမတ်ခန့်အပ်လွှာ ပေးအပ်ပွဲသို့ နိုင်ငံတော်သမ္မတရုံး ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေနှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသက်ထွန်း၊ မြန်မာနိုင်ငံဆိုင်ရာ ကာဇက်စတန်သမ္မတနိုင်ငံ သံအမတ်ကြီးနှင့် တာဝန်ရှိသူတို့ တက်ရောက်ခဲ့ကြသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ကာဇက်စတန် သမ္မတနိုင်ငံ သံအမတ်ကြီးသည် နိုင်ငံတော်သမ္မတ ဧည့်ခန်းမဆောင်တော် ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

PPIB News



ကာဇက်စတန်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Margulan Baimukhan ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံနှင့် ကာဇက်စတန်သမ္မတနိုင်ငံအလံတို့အား အလေးပြုစဉ်။

❖ **နှစ်နိုင်ငံအကြား ကုန်သွယ်ရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ သတ္တုတူးဖော်ထုတ်လုပ်ရေးကဏ္ဍ၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ ဒီဂျစ်တယ်နည်းပညာကဏ္ဍ၊ ပို့ဆောင်ရေးကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်သွားမည့်အခြေအနေများ၊ ကာဇက်စတန်နိုင်ငံ၌ ရွေးကောက်ပွဲကျင်းပပြုလုပ်ပြီးချိန်တွင် နှစ်နိုင်ငံလွှတ်တော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်သွားမည့်အခြေအနေများ ရင်းရင်းနှီးနှီးဆွေးနွေး**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

**နေပြည်တော် ဇူလိုင် ၂၂**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော H.E. Mr. Ngu Anh Duc သည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ၏ ညွှန့်ဆောင်တော်၌ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

ဦးစွာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီးသည် နိုင်ငံတော်သမ္မတ၏ ညွှန့်ဆောင်တော် ဂုဏ်ပြုဆောင်ခန်းမသို့ ရောက်ရှိပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အလံနှင့် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံအလံတို့အား အလေးပြုသည်။ ထို့နောက် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီးသည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူပြီး ဂုဏ်ပြုတပ်ဖွဲ့က နှစ်နိုင်ငံ နိုင်ငံတော်သီချင်းများကို တီးမှုတ်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ၏ ညွှန့်ဆောင်တော် သံတမန်ဆောင် ညွှန့်ခန်းမ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Ngu Anh Duc က ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

ဆက်လက်၍ မြန်မာနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံ တို့အကြား သံတမန်ဆက်ဆံမှု၊ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ကောင်းမွန်လျက်ရှိမှု၊ မြန်မာနိုင်ငံတွင် လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ခဲ့မှုနှင့် ပြည်သူများ၏ဆန္ဒနှင့်အညီ ထွက်ပေါ်လာသော နိုင်ငံတော် သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် အစိုးရအဖွဲ့က နိုင်ငံတော် တာဝန်ထမ်းဆောင်နေမှုအပေါ် ဗီယက်နမ်နိုင်ငံအနေဖြင့် ဝမ်းမြောက်ဂုဏ်ယူလျက်ရှိမှု၊ နှစ်နိုင်ငံအကြား ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ယခုထက်ပိုမိုနက်ရှိုင်းစွာ ပူးပေါင်းဆောင်ရွက်သွားနိုင်မည့်အခြေအနေ၊ ဗီယက်နမ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများနှင့် ချစ်ကြည်ရင်းနှီးမှုဆိုင်ရာ ကဏ္ဍများတွင် ပိုမိုကျယ်ပြန့်စွာ ပူးပေါင်း ဆောင်ရွက်သွားမည့် အခြေအနေ၊ ဗီယက်နမ်နိုင်ငံတွင် ကမ္ဘောဒီးယား -လာအို -မြန်မာ- ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှု(CLMV) ထိပ်သီး အစည်းအဝေးနှင့် ဧရာဝတီ – ကျောက်ဖရား- မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ(ACMECS) ထိပ်သီး အစည်းအဝေးတို့ကို ကျင်းပပြုလုပ်သွားမည့် အခြေအနေနှင့် မြန်မာနိုင်ငံမှ ပါဝင်တက်ရောက်သွားမည့် အခြေအနေ၊ နှစ်နိုင်ငံအကြား ပြည်သူများအချင်းချင်း ချစ်ကြည်ရင်းနှီးမှုများမှတစ်ဆင့် ခရီးသွားကဏ္ဍကို မြှင့်တင်ဆောင်ရွက်သွားနိုင်မည့်အခြေအနေ၊ မြန်မာနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့အကြား နိုင်ငံ့ခေါင်းဆောင်များနှင့် အဆင့်မြင့် အရာရှိကြီးများ ချစ်ကြည်ရေးခရီးများ အပြန်အလှန် သွားရောက်ခဲ့မှုအခြေအနေ၊ နိုင်ငံရေးကဏ္ဍ ပူးပေါင်း ဆောင်ရွက်မှုအဖြစ် နှစ်နိုင်ငံ လွှတ်တော်များအချင်းချင်း ပူးပေါင်း ဆောင်ရွက်မှုများ မြှင့်တင်နိုင်သည့် အခြေအနေနှင့် နှစ်နိုင်ငံအကြား ကဏ္ဍပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင် ဆောင်ရွက်သွားမည့် အခြေအနေများနှင့် ပတ်သက်၍ ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတနှင့် မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ် ဆိုရှယ်လစ် သမ္မတနိုင်ငံသံအမတ်ကြီးတို့သည် စုပေါင်း မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲသို့ နိုင်ငံတော်သမ္မတရုံး ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေနှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသက်ထွန်း၊ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီးနှင့်ဇနီးနှင့် တာဝန်ရှိသူတို့ တက်ရောက်ခဲ့ကြသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံသံအမတ်ကြီးသည် နိုင်ငံတော်သမ္မတ ညွှန့်ခန်းမဆောင်တော် ညွှန့်သည်တော် မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



**သံအမတ်ခန့်အပ်လွှာပေးအပ်**

နိုင်ငံတော် သမ္မတ ဦးမင်းအောင်လှိုင်ထံ ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Ngu Anh Duc က ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Ngu Anh Duc တို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။



ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Ngu Anh Duc ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူစဉ်။

PPIB News

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံသို့ ရန်ကုန်မြို့အခြေစိုက် ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ သံအမတ်ကြီး လာရောက်ဂါရဝပြုတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၂၂**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ရန်ကုန်မြို့အခြေစိုက် ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ သံအမတ်ကြီး H.E. Mr. Jong Ho Bom ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် နိုင်ငံတော်သမ္မတရုံးတော်ဧည့်ခန်းမ၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ သံအမတ်ကြီး H.E. Mr. Jong Ho Bom အား လက်ခံတွေ့ဆုံစဉ်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ နိုင်ငံတော်သမ္မတရုံး ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး ရန်ကုန်မြို့အခြေစိုက်ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ သံအမတ်ကြီးနှင့်အတူ သံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံဆက်ဆံရေးကောင်းမွန်လျက်ရှိမှုနှင့် သံတမန်ဆက်ဆံမှုများ ပိုမိုမြှင့်တင် ဆောင်ရွက်သွားမည့် အခြေအနေ၊ မြန်မာနိုင်ငံ၏နိုင်ငံရေး ဖြစ်ပေါ်တိုးတက်ပြောင်းလဲမှုများ၊ ကိုရီးယားနိုင်ငံ၏ လက်ရှိဖွံ့ဖြိုးတိုးတက်မှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေ၊ ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် နိုင်ငံတကာဆက်ဆံရေးနှင့် ပတ်သက်၍ မူဝါဒများ ချမှတ်ဆောင်ရွက်ထားရှိမှုအခြေအနေ၊ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက် ကောင်းမွန်အောင် ဆောင်ရွက်သွားနိုင်မည့် အခြေအနေများနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီးဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတနှင့် ရန်ကုန်မြို့အခြေစိုက် ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ သံအမတ်ကြီးတို့သည် တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်း ဒေသတွင်းစိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက်

**မော်လမြိုင် ဇူလိုင် ၂၂**

မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်းသည် ပြည်နယ်ဝန်ကြီးများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် စိုက်ပျိုးရေးဦးစီးဌာန နှစ်ရှည်ပင်များသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးဌာန (မော်လမြိုင်) သုတေသနခန်းမဆောင်၌ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ရော်ဘာစိုက်ပျိုးထုတ်လုပ်မှုမြင့်မားလာစေရေး၊ ဒေသရာသီဥတုနှင့်ကိုက်ညီသည့် ရော်ဘာမျိုးများကို ဦးစားပေးစိုက်ပျိုးသွားရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးသည်။

ထို့နောက် နှစ်ရှည်ပင်များသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးဌာန(မော်လမြိုင်)ရှိ သုတေသနဌာနခွဲများ၌ မြေ၊ ရေ၊ ဓာတ်မြေဩဇာ၊ မျိုးကောင်း၊ မျိုးသန့်များ နမူနာဓာတ်ခွဲစစ်ဆေးမှု၊ သုတေသနစမ်းသပ်ကွက်များမှ ရော်ဘာစေးများအား အဆင့်မြင့်ရော်ဘာပြားများ ထုတ်လုပ်မှုတို့ကို ကြည့်ရှုသည်။

ယင်းနောက် နှစ်ရှည်ပင်များ သုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံ(မုဒုံ)ရှိ နှစ်ရှည်ပင်များ သုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံအတွင်း စံပြရော်ဘာပင်များ စိုက်ပျိုးထားရှိမှု၊ မုဒုံမြို့နယ် ဘဲရမ်းကျေးရွာ ဦးသိန်းဌေး၏ ဥစားဘဲမွေးမြူရေးခြံ၌ ဘဲအကောင်ရေ ၃၀၀၀ စီးပွားဖြစ်မွေးမြူထားရှိမှုကို ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ အစိုးရနည်းပညာအထက်တန်းကျောင်း(မော်လမြိုင်)ရှိ ကျောင်းသား ကျောင်းသူများနှင့် သွားရောက်တွေ့ဆုံအမှာစကားပြောကြားပြီး အစိုးရနည်းပညာ အထက်တန်းကျောင်း (မော်လမြိုင်)နှင့် အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း(ရွာလွတ်)မှ ကျောင်းသား ကျောင်းသူများအတွက် ဆန်နှင့်ကြက်ဥများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**စည်သူ(ပြန်/ဆက်)**

✤ ဖလမ်းမှ

ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်သည် ယနေ့တွင် ဖလမ်းမြို့ မီးသတ်တပ်ဖွဲ့ရုံး၊ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရုံး၊ ခရိုင်ဖွံ့ဖြိုးမှု ကြီးကြပ်ရေးရုံးနှင့် အမှုထမ်း၊ အရာထမ်း ဝန်ထမ်းအိမ်ရာများကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကား ပြောကြားကာ ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။ **(အောက်ပုံ)**

ထို့နောက် ဒုတိယဝန်ကြီးက ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးဆိုင်ရာတွင် ရုံးများ၊ ဆေးရုံနှင့် ကျောင်းများ၊ အဆောက်အအုံများ ပြန်လည်ပြုပြင်/ တည်ဆောက်ခြင်း လုပ်ငန်းများအပြင် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ၊ သမဝါယမစနစ်များ၊ စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍများကိုလည်း ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများကို ဦးစားပေးအလိုက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း ခရိုင်၊ မြို့နယ်ဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးစဉ် ပြောကြားသည်။

**ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေး**

ယင်းနောက် တာဝန်ရှိသူများက ဖလမ်းမြို့ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်ပြီးစီးသည့် လုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များ ရှင်းလင်းတင်ပြမှုအပေါ် လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**





# ရေတာရှည်မြို့နယ်၌ အငြိမ်းစားဝန်ထမ်းများအား အခြေခံစားသောက်ကုန်များရောင်းချ

**ရေတာရှည် ဇူလိုင် ၂၂**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် မြန်မာ့စီးပွားရေးဘဏ်၌ ယမန်နေ့နံနက်ပိုင်းက အငြိမ်းစားဝန်ထမ်းများ၏ ပင်စင်လစာများ ထုတ်ပေးလျက်ရှိသည်။

အဆိုပါ အငြိမ်းစားဝန်ထမ်းများအား မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ ရေတာရှည်မြို့နယ် စားအုန်းဆီကိုယ်စားလှယ် ဦးလင်းထွေးအောင်တို့က အခြေခံစားသောက်ကုန်များကို ပြင်ပဈေးနှုန်းထက် သက်သာသောဈေးနှုန်းများဖြင့် ကြက်ဥ ငါးလုံး၊ ဆီ ၅၀ ကျပ်သား၊ ဆိတ်သား ၁၀ ကျပ်သားတို့ကို ငွေကျပ် ၉၇၀၀ ဖြင့် ဈေးနှုန်းချိုသာစွာ ရောင်းချပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# လွှတ်တော်ကိုယ်စားလှယ်များ စွမ်းရည်မြှင့်တင်ရေးအတွက် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့်စက်မှုကဏ္ဍဆိုင်ရာ ဆောင်ရွက်ချက်များ ရှင်းလင်းတင်ပြ

**နေပြည်တော် ဇူလိုင် ၂၂**

လွှတ်တော်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ (JCC)နှင့် စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ လွှတ်တော်ကိုယ်စားလှယ်များ စွမ်းရည်မြှင့်တင်ရေးအတွက် "နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် စက်မှုကဏ္ဍ"ဆိုင်ရာ ဆောင်ရွက်ချက်များအား ရှင်းလင်းတင်ပြခြင်း အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ သဘင်ဆောင်ခန်းမ၌ ကျင်းပသည်။



ပြည်ထောင်စုလွှတ်တော်နာယက ဦးအောင်လင်းဒွေး အမှာစကားပြောကြားစဉ်။

အခမ်းအနားသို့ ပြည်ထောင်စုလွှတ်တော်နာယက ဦးအောင်လင်းဒွေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက Jeng Phang နော်တောင်၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ဒုတိယဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။



နေပြည်တော် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များက ထုတ်ကုန်ပစ္စည်းများကို ခင်းကျင်းပြသရောင်းချပေးစဉ်။

ဦးစွာ ပြည်ထောင်စုလွှတ်တော်နာယက ဦးအောင်လင်းဒွေးက ယနေ့ကျင်းပသည့် ရှင်းလင်းပွဲသည် လွှတ်တော်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ (JCC)၏ အစီအစဉ်ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ပေါင်းစပ်ညှိနှိုင်းပြီး "နိုင်ငံတော်၏စက်မှုကဏ္ဍ" နှင့် ပတ်သက်သည့် ဆောင်ရွက်ချက်များကို လွှတ်တော်ကိုယ်စားလှယ်များ သိရှိနိုင်ရန် ရှင်းလင်းတင်ပြပေးသည့် ဒုတိယမြောက် အစီအစဉ် ဖြစ်ပါကြောင်း။

ခေတ်မီ ဖွံ့ဖြိုးတိုးတက်သောနိုင်ငံ တည်ဆောက်ရေးတွင်စက်မှုကဏ္ဍသည် အခြေခံအုတ်မြစ်ဖြစ်ပြီး မိမိတို့နိုင်ငံ၌ သဘာဝသယံဇာတကုန်ကြမ်းများ ကြွယ်ဝသော်လည်း အရည်အသွေးမြင့် ထုတ်ကုန်များ ထုတ်လုပ်နိုင်ရန် စက်မှုစွမ်းအား လိုအပ်လျက်ရှိပါကြောင်း။

စက်မှုလုပ်ငန်းများနှင့် MSMEs များသည် ကုန်ထုတ်စွမ်းအားမြှင့်တင်ခြင်း၊ အလုပ်အကိုင်ဖန်တီးခြင်း၊ သွင်းကုန်နှင့် နိုင်ငံခြားငွေသုံးစွဲမှု လျှော့ချခြင်းတို့ဖြင့် နိုင်ငံစီးပွားရေးကို မောင်းနှင်ပေးသည့် အဓိကအင်အားစု ဖြစ်ပါကြောင်း၊ ကမ္ဘာ့စီးပွားရေးလုပ်ငန်းများ၏ ၉၀ ရာခိုင်နှုန်းနှင့် အလုပ်အကိုင်ဖန်တီးပေးမှု ၆၀ မှ ၇၀ ရာခိုင်နှုန်းခန့်မှာ MSMEs လုပ်ငန်းများ ဖြစ်ကြသဖြင့် ၎င်းကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် မဖြစ်မနေ ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် စက်မှုနှင့်အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက လက်ရှိစီးပွားရေးနှင့် စက်မှုကဏ္ဍအခြေအနေ၊ စက်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးစားပေးမူဝါဒများ၊ MSME ဖွံ့ဖြိုးတိုးတက်ရေး ဘဏ္ဍာရေးဆိုင်ရာ ပံ့ပိုးမှုအခြေအနေ၊ နိုင်ငံပိုင်စက်ရုံ ပြုပြင်ပြောင်းလဲရေး၊ ဦးစားပေး စက်မှုလုပ်ငန်းများ၊ စက်မှုကဏ္ဍ၏ အခြေခံလိုအပ်ချက်များ၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေး၊ ခေတ်မီစက်မှုစနစ်သို့ ကူးပြောင်းရေး၊ ရေရှည်တည်တံ့သော စက်မှုဖွံ့ဖြိုးရေး၊ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေး၊ ရှေ့ဆက်ဆောင်ရွက်မည့် ဦးစားပေးအစီအစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် လွှတ်တော်ကိုယ်စားလှယ်များက နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် စက်မှုကဏ္ဍနှင့်စပ်လျဉ်း၍ ဆွေးနွေးအကြံပြုခြင်းများကို ဆောင်ရွက်ခဲ့ပြီး ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဆွေးနွေး ဖြေကြားသည်။

ထို့ပြင် နေပြည်တော်အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များက ဒေသထွက်ကုန်ပစ္စည်းများ၊ စားသောက်ကုန်၊ လူသုံးကုန်၊ စက်မှုလက်မှုထုတ်ကုန်များ၊ ရိုးရာလက်မှုထုတ်ကုန်များ စသည့် ထုတ်ကုန်ပစ္စည်းများကို လွှတ်တော်ကိုယ်စားလှယ်များနှင့် ဝန်ထမ်းများအား ခင်းကျင်းပြသရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ကော့သောင်းမြို့၌ MSME လုပ်ငန်းများ၊ ကုန်သွယ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပို့ကုန်သွင်းကုန်ဆိုင်ရာ အသိပေးဆွေးနွေးပွဲကျင်းပ

**ကော့သောင်း ဇူလိုင် ၂၂**

ကော့သောင်းမြို့သည် မြန်မာနိုင်ငံ၏ တောင်ဘက်စွန်းတွင် တည်ရှိပြီး အာဆီယံဒေသနှင့် အိန္ဒိယသမုဒ္ဒရာဘက်ကို ဆက်သွယ်နိုင်သည့် မဟာဗျူဟာကျသည့် နေရာတစ်ခုဖြစ်ပြီး နယ်စပ်ကုန်သွယ်ရေး၊ ရေကြောင်းကုန်သွယ်ရေး ခရီးသွားလုပ်ငန်းနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းများစွာ ရှိပါကြောင်း တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဇော်နိုင်ဦးက ပြောကြားသည်။



ယနေ့ မွန်းလွဲပိုင်းက ကော့သောင်းမြို့ မဥ္ဇူသကခန်းမ၌ ကျင်းပသည့် MSME လုပ်ငန်းများ၊ ကုန်သွယ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပို့ကုန်သွင်းကုန်ဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲတွင် ပြောကြားခဲ့ခြင်း ဖြစ်သည်။

**ဆွေးနွေးပြောကြား**

ဆွေးနွေးပွဲတွင် တာဝန်ရှိသူများက ကုန်သွယ်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပို့ကုန်သွင်းကုန်ဆိုင်ရာ သိကောင်းစရာများ ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ပို့ကုန်သွင်းကုန်နှင့် စပ်လျဉ်းသည့် အကောက်ခွန်ဆိုင်ရာ သိကောင်းစရာများကိုလည်းကောင်း၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ သိကောင်းစရာများကို လည်းကောင်း အသိပညာပေး ဆွေးနွေးပြောကြားပြီး တက်ရောက်လာသူများက ပို့ကုန်သွင်းကုန်ဆိုင်ရာ ကိစ္စရပ်များကို မေးမြန်းဆွေးနွေးကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# စားအုန်းဆီဖြန့်ဖြူးမှု စနစ်တကျရှိစေရေး ကုမ္ပဏီများနှင့် တွေ့ဆုံဆွေးနွေး

**ပုသိမ် ဇူလိုင် ၂၂**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ယနေ့နံနက်ပိုင်းက စားအုန်းဆီဖြန့်ဖြူးမှု စနစ်တကျရှိစေရေး ကုမ္ပဏီများနှင့်တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး စားအုန်းဆီဖြန့်ဖြူးရေးလုပ်ငန်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ စီးပွားရေး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးအောင်စန်းချစ်က တာဝန်ယူရောင်းချလျက်ရှိသော ကုမ္ပဏီများမှ စားအုန်းဆီဖြန့်ဖြူးမှုစနစ် မှန်ကန်စေရေး အလေးထားဆောင်ရွက်ရန်၊ စားအုန်းဆီဖြန့်ဖြူးရာတွင် ဈေးနှုန်းတည်ငြိမ်စွာရောင်းချရေးနှင့် အချိုးကျဖြန့်ဖြူးနိုင်ရေး ပြောကြားပြီး တိုင်းဒေသကြီး စားအုန်းဆီဖြန့်ဖြူးရောင်းချရေးအဖွဲ့ဝင်များနှင့် စားအုန်းဆီဖြန့်ဖြူးရောင်းချနေသော ကုမ္ပဏီ ၁၄ ခုတို့က စားအုန်းဆီများ စနစ်တကျဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



# တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၇ ရက်မြောက်နေ့ ကျင်းပ

## ကုန်ဈေးနှုန်းကျဆင်းရေး၊ လမ်းအဆင့်မြှင့်တင်တည်ဆောက်ပေးရေး၊ နယ်စပ်ဂိတ်ဖွင့်လှစ်ပေးနိုင်ရေး၊ ပြည်သူ့စစ်မှုထမ်းခေါ်ယူမှု ကြပ်မတ်ပေးနိုင်ရေး စသည်တို့နှင့်စပ်လျဉ်း၍ မေးခွန်း ၁၂ ခု မေးမြန်းဖြေကြား

**နေပြည်တော် ဇူလိုင် ၂၂**

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၇ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။



တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၇ ရက်မြောက်နေ့ကျင်းပစဉ်။

အစည်းအဝေးတွင် ကုန်ဈေးနှုန်းကျဆင်းရေး၊ လမ်းအဆင့်မြှင့်တင်တည်ဆောက်ပေးရေး၊ နယ်စပ်ဂိတ်ဖွင့်လှစ်ပေးနိုင်ရေး၊ လျှပ်စစ်တိုးတက်ရရှိရေး၊ ကျေးရွာဂရန်ရရှိရေးနှင့် ရပ်ကွက်သတ်မှတ်ပေးရေး၊ ပြည်သူ့စစ်မှုထမ်းခေါ်ယူမှု ကြပ်မတ်ပေးနိုင်ရေး၊ စစ်ဆေးရေးဂိတ်များ လျှော့ချပေးနိုင်ရေးတို့နှင့် စပ်လျဉ်း၍ မေးခွန်း ၁၂ ခု မေးမြန်းဖြေကြားခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဦးစွာ ဒဂုံမြို့သစ်(မြောက်ပိုင်း) မဲဆန္ဒနယ်မှ ဦးတင့်ဝေ၏ **ကုန်ဈေးနှုန်းကျဆင်းရေးနှင့် ဈေးနှုန်းတည်ငြိမ်ရေး မည်သို့ဆောင်ရွက်မည်ကို သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်းက မြန်မာနိုင်ငံရှိ ပြည်သူများ နေ့စဉ်စားသုံးနေသည့် အခြေခံစားသောက်ကုန်ပစ္စည်းများ၏ ကုန်ဈေးနှုန်းကြီးမြင့်မှု မရှိစေရေးနှင့် ဈေးနှုန်းတည်ငြိမ်မှုရှိစေရေးတို့အတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အနေဖြင့် ပြည်တွင်းဆန်စားသုံးမှု ဖူလုံစေရေး၊ ပြည်ပသို့ စနစ်တကျတင်ပို့ရောင်းချနိုင်ရေး၊ ဆန်စပါး ဈေးကွက်နှင့် ဈေးနှုန်းတည်ငြိမ်မှုနကန်စေရေး ဆန်၊ စပါး အခြေခံရည်ညွှန်းဈေးနှုန်းများ အခါအားလျော်စွာ ထုတ်ပြန်ခြင်းတို့ကို မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်နှင့် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ထို့ပြင် စားသုံးသူပြည်သူများ စားသုံးဆီဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းပြီး သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူရရှိနိုင်စေရန်၊ တိုင်းဒေသကြီး၊ ပြည်နယ် စားသုံးဆီဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးအဖွဲ့များက ဈေးနှုန်းသတ်မှတ်ပေးလျက် ရောင်းချစေလျက်ရှိပါကြောင်း။

စက်သုံးဆီဈေးနှုန်းမြင့်တက်မှုကို လျှော့ချနိုင်ရေးအတွက် သယ်ယူပို့ဆောင်ရေး၊ ကုန်ထုတ်လုပ်မှုနှင့် စိုက်ပျိုးရေးလုပ်ငန်းများတွင် အဓိကအသုံးပြုလျက်ရှိသည့် ဒီဇယ်ဆီကုန်ဈေးနှုန်းတည်ငြိမ်စေရေးနှင့် ကုန်ဈေးနှုန်းမြင့်တက်မှုမရှိစေရေး ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ စိုက်ပျိုးရေးထုတ်ကုန်ပစ္စည်းများ၏ ဈေးနှုန်းကျဆင်းစေရေးအတွက် အထောက်အကူဖြစ်စေရန် ဓာတ်မြေဩဇာတင်သွင်းမှုအပေါ် အခွန်ကင်းလွတ်ခွင့်ပြုထားပါကြောင်း၊ စားသောက်ကုန်ပစ္စည်းများ ကုန်ဈေးနှုန်းကျဆင်းရေးနှင့် ဈေးနှုန်းတည်ငြိမ်ရေးအတွက် ပုဂ္ဂလိကကဏ္ဍမှ နိုင်ငံတော်အစိုးရ၏လုပ်ငန်းစဉ်တွင် ပိုမိုပူးပေါင်းဆောင်ရွက်ရေး အလေးထား ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ကွန်ဟိန်းမဲဆန္ဒနယ်မှ စိုင်းကျော်လှ၏ **ကွန်ဟိန်းမြို့နယ် ကာလိမြို့ နမ့်လန်-ခမ်းယုံး- မွေတော်ဟိုလင်းဘုရားလမ်းမကြီးအား ကွန်ကရစ်လမ်းအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာဦးက ကွန်ဟိန်းမြို့နယ် ကာလိမြို့ တာကော်ကျေးရွာအုပ်စုရှိ နမ့်လန်-ခမ်းယုံး-ဟိုလင်းမွေတော်ဘုရားလမ်းအား လက်ရှိတွင် ရာသီမရွေးသွားလာနိုင်မည့် ကွန်ကရစ်လမ်းဆောင်ရွက်ပေးနိုင်ရန် နယ်စပ်ရေးရာဝန်ကြီးဌာနက စိစစ်ခဲ့ရာ နမ့်လန်-ခမ်းယုံး ၇/၇ မိုင် လမ်းပိုင်းသည် လမ်းအကျယ် ပေ ၃၀ ရှိပြီး ခမ်းယုံး-ဟိုလင်း(မွေတော်ဘုရား)ထိ ၇/၆ မိုင်မှာ လမ်းအကျယ် ၁၅ ပေသာရှိသည့်အတွက် လက်ရှိတွင် မော်တော်ဆိုင်ကယ်နှင့် မော်တော်ယာဉ်ငယ်များသာ သွားလာအသုံးပြုလျက်ရှိပါကြောင်း၊ တောင်ပေါ်ဒေသဖြစ်၍ အတက်/အဆင်းများပြားခြင်း၊ လမ်းဘေးရေနုတ်မြောင်းများမရှိခြင်းတို့ကြောင့် မိုးတွင်းကာလ တောင်ကျရေတိုက်စား၍ လမ်းသားပျက်စီးမှုများ ဖြစ်ပေါ်လျက်ရှိရာ ဒေသခံပြည်သူများ ဆက်သွယ်သွားလာအသုံးပြုရန် ခက်ခဲလျက်ရှိသည်ကို စိစစ်တွေ့ရှိရပါကြောင်း။

ယခင်ကာလများက နယ်မြေလုံခြုံရေး ကန့်သတ်ခြင်းများရှိသည့်အတွက်ကြောင့် လမ်းအဆင့်မြှင့်တင်ခြင်းကို ဆောင်ရွက်ပေးနိုင်ခဲ့ခြင်းမရှိခဲ့သော်လည်း လက်ရှိတွင် ဒေသခံပြည်သူများ လမ်းအသုံးပြုမှုများပြားလာခြင်းကြောင့် ကွန်ကရစ်လမ်း (အစား) ကတ္တရာလမ်းအဖြစ် ဆောင်ရွက်၍ရနိုင်ပါကြောင်း။

သို့ဖြစ်၍ နမ့်လန်-ခမ်းယုံး-ဟိုလင်း(မွေတော်ဘုရား)လမ်း ၁၅/၅ မိုင်အား ကွန်ကရစ်လမ်း/ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို လာမည့်ဘဏ္ဍာနှစ်များတွင် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စု သို့မဟုတ် ပြည်နယ်အစိုးရရန်ပုံငွေတို့မှ ဘဏ္ဍာငွေခွဲဝေရရှိမှုအပေါ်မူတည်ပြီး အပိုင်းလိုက် လျာထားဆောင်ရွက်မည်ဖြစ်ပါကြောင်း ဖြေကြားသည်။

လင်းခေးမဲဆန္ဒနယ်မှ စိုင်းထွန်းစံ(ခ) စိုင်းဆေဟန်၏ **လင်းခေးခရိုင် ဟိုမိန်းမြို့ နားမွန်းလုံနယ်စပ်ဂိတ်ကို တရားဝင်ဖွင့်လှစ်ပေးနိုင်ရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်းက လင်းခေးမြို့နယ် ဟိုမိန်းမြို့ မြောက်ဘက်တွင် သံလွင်မြစ်၊ အရှေ့ဘက်တွင် မိုင်းတုံခရိုင်၊ တောင်ဘက်တွင် ထိုင်းနိုင်ငံ၊ အနောက်ဘက်တွင် ကယားပြည်နယ်နှင့် မောက်မယ်မြို့နယ်တို့နှင့် နယ်နိမိတ်ထိစပ်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်လျက်ရှိသော အိမ်နီးချင်းနိုင်ငံများအကြား နယ်စပ်ဂိတ်ဖွင့်လှစ်မည့်နေရာသည် နယ်နိမိတ်တိုင်းတာရေးကိစ္စ ရှင်းလင်းအတည်ပြုပြီးဖြစ်ရန်နှင့် လူဝင်/လူထွက်ဂိတ် သတ်မှတ်ဖွင့်လှစ်နိုင်ရေး နှစ်နိုင်ငံသဘောတူညီမှုရရှိထားပြီးဖြစ်ရန် အဓိကလိုအပ်မည်ဖြစ်ပါကြောင်း၊ နယ်စပ်ဂိတ်ဖွင့်လှစ်ရန်အတွက် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို လုပ်ထုံးလုပ်နည်းနှင့်အညီ သက်ဆိုင်ရာဝန်ကြီးဌာနများ၏ သဘောထားမှတ်ချက်များ တောင်းခံရယူပြီး ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုခွင့်ပြုချက် ရယူဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

ဟိုမိန်းဒေသရှိ နားမွန်းလုံနယ်စပ်ဂိတ်ကို တရားဝင်နယ်စပ်ဂိတ်အဖြစ် ဖွင့်လှစ်နိုင်ရေးအတွက် ဦးစွာ တစ်ဖက်ထိုင်းနိုင်ငံနှင့် သဘောတူညီမှုရရှိရေး ညှိနှိုင်းဆောင်ရွက်သွားရမည်ဖြစ်ပြီး နယ်နိမိတ်တိုင်းတာရေးကိစ္စရပ်များအား ရှင်းလင်းပြီးပြတ်အောင် ဦးစားပေးဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ဟိုမိန်းမြို့ နားမွန်းလုံနယ်စပ်ဂိတ် လက်ရှိအခြေအနေအရ "နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုရှိခြင်း၊ ဒေသတွင်းလုံခြုံငြိမ်းချမ်းမှုရှိခြင်း" အချက်အလက်များနှင့် ကိုက်ညီမှုရှိပါကြောင်း၊ သို့သော် နှစ်နိုင်ငံနယ်နိမိတ် စနစ်တကျတိုင်းတာသတ်မှတ်ရန် ကျန်ရှိနေသောနေရာဖြစ်သည့်အတွက် နောင်တစ်ချိန် နယ်စပ်ပြန်လည်တိုင်းတာရာတွင် ရည်ညွှန်းကိုးကားရမည့် မြေပြင်ပထဝီအနေအထားများ ပျက်ယွင်းမှုမရှိစေရေးနှင့် နယ်စပ်ဂိတ်ဖွင့်လှစ်ခြင်းမပြုမီ နှစ်နိုင်ငံမှမြေတိုင်းကျွမ်းကျင်ပညာရှင်များက မြေပြင်အခြေအနေကို ပူးတွဲကွင်းဆင်းစစ်ဆေးခြင်း၊ ပထဝီအနေအထားများကို မှတ်တမ်းတင်ခြင်း၊ ယာယီနယ်နိမိတ်ကြောင်းသတ်မှတ်ခြင်း စသည့်လုပ်ငန်းစဉ်များ ဦးစွာဆောင်ရွက်ခြင်းမပြုဘဲ နယ်စပ်ဂိတ်ဖွင့်လှစ်မည်ဆိုပါက မိမိနိုင်ငံအတွက် နစ်နာမှုများဖြစ်ပေါ်လာနိုင်သဖြင့် နယ်နိမိတ်တိုင်းတာရေးကိစ္စရပ်များ ပြီးပြတ်မှသာ ဆောင်ရွက်သင့်ပါကြောင်း ဖြေကြားသည်။

ကျောင်းကုန်းမဲဆန္ဒနယ်မှ ဒေါက်တာထိန်ဝင်း၏ **လျှပ်စစ်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်၌ လျှပ်စစ်စွမ်းအင်ကဏ္ဍ မည်မျှပါဝင်သည်၊ မည်သည့်လုပ်ငန်းများတွင် ဆောင်ရွက်မည့် နောက်နှစ်စဉ် ဘဏ္ဍာရေးနှစ်အလိုက် လျှပ်စစ်ကဏ္ဍ မည်သို့ဆောင်ရွက်သွားမည်၊ ပြည်ပနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ဆဲ၊ ရှေ့ဆောင်ရွက်မည့် အစီအစဉ်များကို သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်က လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုအပိုင်းတွင် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်၌ ငွေလုံးငွေရင်းအသုံးစရိတ်တောင်းခံ၍ အလယ်ပေါင်းလောင်း၊ ရွှေလီ (၃)၊ အထက်ရဲရွာ၊ သူဌေးနှင့် အထက် ကျိုင်းတောင်းတို့ကို ဆောင်ရွက်လျက်ရှိပြီး အဆိုပါရေအားလျှပ်စစ်စီမံကိန်းများတည်ဆောက်ပြီးစီးရန် လိုအပ်သောဘဏ္ဍာရန်ပုံငွေကို နောင်ဘဏ္ဍာနှစ်များတွင် ဆက်လက်တောင်းခံ၍ နယ်မြေအခြေအနေအရ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရ၏ ရင်းနှီးမြှုပ်နှံမှု အသုံးစရိတ်အား လျှော့ချနိုင်ရန် အလယ်ပေါင်းလောင်းစီမံကိန်းအား တရုတ်ကုမ္ပဏီနှင့် မြန်မာကုမ္ပဏီတို့ ပူးပေါင်းဆောင်ရွက်ရန် Notice to Proceed ကို ထုတ်ပေးခဲ့ပြီး ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှု ပါဝင်ဆောင်ရွက်ရန် ဖြစ်မြောက်နိုင်စွမ်းလေ့လာမှုများ ဆောင်ရွက်လျက်ရှိပါကြောင်း။

ရွှေလီ(၃) စီမံကိန်းကိုလည်း နယ်မြေအခြေအနေအပေါ်မူတည်၍ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုအနေဖြင့် ပါဝင်ဆောင်ရွက်နိုင်ရန် ဖိတ်ခေါ်သွားမည်ဖြစ်ပါကြောင်း၊ ထို့ပြင် နေရောင်ခြည်စွမ်းအင်၊ လေစွမ်းအင် စသည့် ပြန်ပြည့်မြဲစွမ်းအင်သုံးဓာတ်အားပေးစက်ရုံစီမံကိန်းများကို ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုဖြင့် တည်ဆောက်နိုင်ရန် တွန်းအားပေးဆောင်ရွက်လျက်ရှိပါကြောင်း။

လျှပ်စစ်ဓာတ်အားပို့လွှတ်မှုအပိုင်းတွင် ယခု ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ၅၀၀ ကေဗွီစနစ် စီမံကိန်းလုပ်ငန်း တစ်ခု၊ ၂၃၀ ကေဗွီစနစ် စီမံကိန်းလုပ်ငန်း ၁၉ ခု၊ ၁၃၂ ကေဗွီစနစ် စီမံကိန်းလုပ်ငန်း နှစ်ခုနှင့် ၆၆ ကေဗွီစနစ် စီမံကိန်းလုပ်ငန်းရှစ်ခုတို့ကို လျာထားဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆိုပါစီမံကိန်းလုပ်ငန်းများ တည်ဆောက်ပြီးစီးရန် လိုအပ်သောဘဏ္ဍာရန်ပုံငွေကို နောင်ဘဏ္ဍာနှစ်များတွင် ဆက်လက်တောင်းခံ၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးမှုအပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ငွေလုံးငွေရင်းအသုံးစရိတ်တောင်းခံပြီး ၆၆ ကေဗွီစနစ် စီမံကိန်းလုပ်ငန်း ရှစ်ခုနှင့် ၃၃ကေဗွီစနစ် လုပ်ငန်းခုနစ်ခု၊ မန္တလေးတိုင်းဒေသကြီး၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ၆၆ ကေဗွီစနစ် စီမံကိန်းလုပ်ငန်း လေးခု၊ ၃၃ ကေဗွီစနစ်လုပ်ငန်း ၁၈ ခုနှင့် ၁၁ ကေဗွီစနစ် လုပ်ငန်း ၁၂ ခု၊ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ယခု ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ၆၆ ကေဗွီစနစ် စီမံကိန်းလုပ်ငန်း ကိုးခုနှင့် ၃၃ ကေဗွီစနစ်လုပ်ငန်း ၂၇ ခုတို့ကို လျာထားဆောင်ရွက်လျက်ရှိပါကြောင်း။

ပြည်ပနိုင်ငံများနှင့် နိုင်ငံတကာအဖွဲ့အစည်းများထံမှ ချေးငွေ၊ ထောက်ပံ့ငွေ၊ နည်းပညာအကူအညီရယူထားမှုနှင့်ပတ်သက်၍ ပြန်လည်ပေးဆပ်နေဆဲ စီမံကိန်းလုပ်ငန်း ၁၅ ခု၊ နိုင်ငံခြားချေးငွေ (Loan) ဖြင့် ဆောင်ရွက်ပြီး/ဆောင်ရွက်ဆဲ စီမံကိန်းလုပ်ငန်း ၂၁ ခုနှင့် နိုင်ငံခြားချေးငွေ(Loan)ဖြင့်ဆောင်ရွက်ရန် အဆိုပြုစီမံကိန်းများတွင် စီမံကိန်းလုပ်ငန်း ၁၅ ခုတို့သည် ယခင် ၂၀၁၁ ခုနှစ် ဧပြီ ၁ ရက်မှ ၂၀၁၆ ခုနှစ် မတ် ၃၁ ရက်အထိ တာဝန်ယူခဲ့သော အစိုးရလက်ထက် စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်မှုဖြစ်ပြီး ယခုလက်ရှိအခြေအနေတွင် ဆောင်ရွက်ပြီးစီး၍ ချေးငွေပေးဆပ်ပြီး ကိုးခု၊ စီမံကိန်းလုပ်ငန်းဆောင်ရွက်ပြီး၍ ချေးငွေပေးဆပ်ဆဲ ၂၁ ခု၊ စီမံကိန်းလုပ်ငန်းဆောင်ရွက်ဆဲ ရှစ်ခု၊ ချေးငွေအဆိုပြုခဲ့သော်လည်း ရရှိခဲ့ခြင်းမရှိသော စီမံကိန်းလုပ်ငန်း ၁၃ ခုတို့ဖြစ်ပါကြောင်း ဖြေကြားသည်။

မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းဆိုင်နော်၏ **မောက်မယ်မြို့နယ် ဟိုနမ့်နှင့် ပန်းတန်ကျေးရွာအုပ်စုတို့တွင် လျှပ်စစ်ဓာတ်အားရရှိနိုင်ရေးနှင့် မည်သို့ဆက်လက်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးအေးကျော်က ရှမ်းပြည်နယ် မောက်မယ်မြို့နယ် ဟိုနမ့်ကျေးရွာအုပ်စုနှင့် ပန်းတင်ကျေးရွာအုပ်စုတို့ရှိ ကျေးရွာပေါင်း ၃၈ ရွာ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ဓာတ်အားခွဲရုံ တည်ဆောက်ခြင်း၊ ဓာတ်အားလိုင်းသွယ်တန်းခြင်း၊ ထရန်စဖော်မာတပ်ဆင်ခြင်းတို့ကို ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ အဆိုပါလုပ်ငန်းများအတွက် ၂၀၂၉-၂၀၃၀ ဘဏ္ဍာနှစ်မှစတင်၍ ပြည်ထောင်စုရန်ပုံငွေတွင်လည်းကောင်း၊ ရှမ်းပြည်နယ်အစိုးရ၏ ငွေလုံးငွေရင်းရန်ပုံငွေတွင်လည်းကောင်း နှစ်အလိုက်ထည့်သွင်းလျာထား၍ ဘဏ္ဍာငွေရရှိမှုအရ အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ကြံခင်းမဲဆန္ဒနယ်မှ ဦးနိုင်မင်းဦး၏ **ကြံခင်းမြို့နယ် ဘက်ရဲမြို့တွင် 66/11 KV ဓာတ်အားခွဲရုံတစ်ခုကို မည်သည့်အချိန်တွင် စတင်တည်ဆောက်ပြီးမည်မျှကြာမည်ဖြစ်ကြောင်းနှင့် မည်သည့်အချိန်တွင် လျှပ်စစ်ဓာတ်အား ပြည့်ပြည့်ဝဝသုံးရမည်ကို သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးအေးကျော်က ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် ဘက်ရဲမြို့ အနီးပတ်ဝန်းကျင် ကျေးရွာများနှင့် ကျန်ပတ်ဝန်းကျင်ကျေးရွာ ၆၀ ကို ဓာတ်အားတိုးချဲ့ဖြန့်ဖြူးပေးနိုင်ရန်အတွက် ၆၆ ကေဗွီ ဥသျှစ်ပင်-မြန်အောင် ဓာတ်အားလိုင်းမှ ၆၆ ကေဗွီ နှစ်ထပ်ဓာတ်အားလိုင်း ၁ ဒသမ ၅ မိုင်နှင့် ဘက်ရဲမြို့တွင် ၆၆/၁၁ ကေဗွီ၊ ၁၀ အမ်ဗွီအေဓာတ်အားခွဲရုံ တည်ဆောက်ခြင်းလုပ်ငန်းများဆောင်ရွက်ရန် **စာမျက်နှာ ၈ သို့** ❍

○ စာမျက်နှာ ၇ မှ

ခတ်အားခွဲရုံပစ္စည်းဝယ်ယူခြင်းအား ဆောင်ရွက်ထားပြီးဖြစ်ပြီး ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် ခတ်အားခွဲရုံ တည်ဆောက်တပ်ဆင်ခြင်းလုပ်ငန်းအား ဆက်လက်ဆောင်ရွက်ရန် လျာထားပြီးဖြစ်ပါသဖြင့် ဘက်ရဲခတ်အားခွဲရုံ တည်ဆောက်ခြင်းလုပ်ငန်းပြီးစီးပါက ဘက်ရဲမြို့နှင့် အနီးပတ်ဝန်းကျင်ကျေးရွာများအား ဘက်ရဲခတ်အားခွဲရုံမှ ခတ်အားကို ဗို့အားပြည့်ဝနိုင်နင်းစွာဖြင့် ခတ်အားတိုးချဲ့ဖြန့်ဖြူးနိုင်မည်ဖြစ်ပါကြောင်း ဖြေကြားသည်။

တွံတေးမဲဆန္ဒနယ်မှ ဦးဝင်းမြင့်၏ **တွံတေးမြို့နယ် ဘုရင့်နောင်နှင့် မြသီတာရပ်ကွက်တို့အား မြေငှားဂရန်ရရှိရေး ကွင်းဆင်းဆောင်ရွက်ပေးခြင်း ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မင်းသူက တွံတေးမြို့နယ် အရပ်ခေါ် ဘုရင့်နောင်ရပ်ကွက်သည် ၁၉၉၀-၁၉၉၁ ခုနှစ်တွင် မြို့နယ်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏အစီအစဉ်ဖြင့် ဥယျာဉ်မြေမျိုးပေါ်တွင် အကွက်များဖော်ထုတ်ပြီး မြေပေးမိန့်(ပါမစ်) ချထားပေးခဲ့သည့် မြေနေရာများဖြစ်ပါကြောင်း၊ အဆိုပါမြေနေရာအား မြေငှားဂရန်ရရှိရေး ဆောင်ရွက်မည်ဆိုလျှင် ဘုရင့်နောင်ရပ်ကွက်အဖြစ်တည်ရှိသည့် တလုတ္တော်ကျေးရွာအုပ်စုတွင် ပါဝင်သော ၂၃ ဒသမ ၁၈ ဧကနှင့် ရှမ်းစုကျေးရွာအုပ်စုတွင်ပါဝင်သည့် ၁ ဒသမ ၁၂ ဧကတို့ကိုထုတ်နုတ်ပြီး ပြည်ထဲရေးဝန်ကြီးဌာန အမိန့်ကြော်ငြာစာထုတ်ပြန်ထားသော ရွှေဆံတော်ရပ်ကွက်အတွင်းထည့်သွင်းနိုင်ရေး (သို့မဟုတ်) ဘုရင့်နောင်ရပ်ကွက်အဖြစ် တိုးချဲ့ဖွဲ့စည်းနိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးချုပ်က နိုင်ငံတော်သမ္မတထံ ထောက်ခံတင်ပြပြီး ခွင့်ပြုချက်ရယူခြင်း၊ မြို့မြေတိုင်းတာခြင်းလုပ်ငန်းများဖြစ်သည့် ကွက်ကြဲ၊ ကွက်စိပ်တိုင်းတာခြင်းများဆောင်ရွက်ကာ မြို့မြေပိုင်ဆိုင်မှုစာရင်းကောက်ယူပြီး မြို့ကွက်မြေပုံအဖြစ် အသုံးပြုခွင့်ရရှိပြီးပါက မြေငှားဂရန်ရရှိရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

မြသီတာရပ်ကွက်သည် မြို့ပေါ်ရပ်ကွက်အနေဖြင့် ပါဝင်ခြင်းမရှိဘဲ တလုတ္တော်ကျေးရွာအုပ်စုအတွင်း ပါဝင်ပြီး အရပ်ခေါ်အနေဖြင့် မြသီတာရပ်ကွက်ဟု ခေါ်ဝေါ်သုံးစွဲခြင်းဖြစ်ပြီး ပြည်ထဲရေးဝန်ကြီးဌာနမှ အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်ပေးထားမှု မရှိခြင်း၊ မြို့နယ်စည်ပင်သာယာနယ်နိမိတ်အတွင်းလည်း ပါဝင်မှုမရှိဘဲ တလုတ္တော်ကျေးရွာအုပ်စုအတွင်း တည်ရှိနေပါကြောင်း။

မြသီတာရပ်ကွက် အဖြစ်တည်ရှိသည့် တလုတ္တော်ကျေးရွာအုပ်စုမှ ၄၈ ဒသမ ၄၆ ဧက အား ထုတ်နုတ်ပြီး ပြည်ထဲရေးဝန်ကြီးဌာနမှ အမိန့်ကြော်ငြာစာထုတ်ပြန်သတ်မှတ်ထားသော ကွမ်းခြံရပ်ကွက်အတွင်းသို့ ထည့်သွင်းနိုင်ရေး (သို့မဟုတ်) မြသီတာရပ်ကွက်အဖြစ် တိုးချဲ့ဖွဲ့စည်းနိုင်ရေးအတွက် နိုင်ငံတော်သမ္မတထံ တင်ပြခွင့်ပြုချက်ရယူခြင်း၊ မြို့မြေတိုင်းတာခြင်း လုပ်ငန်းများဖြစ်သည့် ကွက်ကြဲ၊ ကွက်စိပ်တိုင်းတာခြင်းများဆောင်ရွက်၍ မြို့မြေပိုင်ဆိုင်မှု စာရင်းကောက်ယူပြီး မြို့ကွက်မြေပုံအဖြစ် အသုံးပြုခွင့်ရရှိပြီးပါက မြေငှားဂရန်ရရှိရေး ဆက်လက်ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ဒလမဲဆန္ဒနယ်မှ ဦးတင်မြင့်၏ **ဒလမြို့နယ် ကျေးရွာအုပ်စု ၂၃ အုပ်စုရှိ ရွာမြေများကို မြေငှားဂရန်ထုတ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မင်းသူက တွံတေးခရိုင် ဒလမြို့နယ်အတွင်း ကျေးရွာအုပ်စု ၂၃ အုပ်စု၊ ကျေးရွာ ၅၄ ရွာရှိသည့်အနက် ညောင်ငုတ်တိုကျေးရွာအုပ်စု ညောင်ငုတ်တိုကျေးရွာအား ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် စီမံချက်ဖြင့် ကျေးရွာမြေငှားဂရန်ဆောင်ရွက်ပေးခဲ့ပြီး ယခု ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် သပြေကုန်းကျေးရွာအုပ်စု သပြေကုန်းကျေးရွာအား ကျေးရွာမြေငှားဂရန်ထုတ်ပေးနိုင်ရေးအတွက်ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ကျန်ကျေးရွာအုပ်စု ၂၃ အုပ်စုရှိရွာမြေများမှ ပြည်သူများအတွက် ကျေးရွာမြေငှားဂရန်ထုတ်ပေးခြင်းများ ပြုလုပ်ပေးရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၏ နယ်နိမိတ်သတ်မှတ်ရေးအရာရှိနှင့် နယ်နိမိတ်ကြပ်မတ်ရေးအရာရှိများ ခန့်ထားဆောင်ရွက်နိုင်ရန် ခွင့်ပြုမိန့်များ တင်ပြထားမှုမရှိခြင်း မြေတိုင်းတာခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဘဏ္ဍာငွေကို တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ယခုဘဏ္ဍာနှစ်တွင် ရန်ပုံငွေလျာထားမှုမရှိခြင်းတို့ကြောင့် ဆောင်ရွက်ပေးနိုင်ခြင်း မရှိပါကြောင်း ဖြေကြားသည်။

မြစ်သားမဲဆန္ဒနယ်မှ ဦးစန်းမြင့်၏ **မြစ်သားမြို့နယ်မှကျေးရွာခုနစ်ရွာအား တရားဝင်အသိအမှတ်ပြုကျေးရွာခွဲများအဖြစ် သတ်မှတ်ပေးရန် အစီအစဉ် ရှိ၊ မရှိနှင့် ရှိပါက မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ကိုသိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မင်းသူက မြစ်သားမြို့နယ်မှ ကျေးရွာ ခုနစ်ရွာအနက် ဥယျာဉ်ကျေးရွာ ဧရိယာ ၇ ဒသမ ၈၂ ဧကမြေသည် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် (လွန်ကျော်)၏ လုပ်သားရွာနှင့်ဝန်ထမ်းအိမ်ရာမြေ အဖြစ် အခြားနည်းအသုံးပြုခွင့်ရရှိထားသော မြေဧရိယာအတွင်း ပါဝင်နေပါကြောင်း၊ သို့ဖြစ်ပါ၍ ဥယျာဉ်ကျေးရွာမြေနေရာအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ ပြန်လည်စွန့်လွှတ်အပ်နှံနိုင်ခြင်းမရှိသည်ကို သဘောထားရရှိပြီးဖြစ်ပါကြောင်း။

ကျေးရွာများ စနစ်တကျဖွဲ့စည်းခြင်းလုပ်ငန်း ဆောင်ရွက်ရာတွင် သက်ဆိုင်ရာကျေးရွာများမှ အဆင့်ဆင့်တင်ပြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ထောက်ခံ၍ နိုင်ငံတော်သမ္မတထံ ခွင့်ပြုချက်ရရှိရေး တင်ပြရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်သမ္မတ၏ ခွင့်ပြုချက်ရရှိပါက အစိုးရစီမံခန့်ခွဲပိုင်ခွင့်ရှိသော မြေအဖြစ်သတ်မှတ်ပြီး ပြည်ထဲရေးဝန်ကြီးဌာနမှ အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်ထားသော ကျေးရွာများအဖြစ်ဆောင်ရွက်နိုင်ရေး မြို့၊ ကျေးရွာတိုးချဲ့ဖွဲ့စည်းခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် အညီ အဆင့်ဆင့်တင်ပြရမည်ဖြစ်ပါကြောင်း။

မြစ်သားမြို့နယ်အတွင်းရှိကျေးရွာ ခုနစ်ရွာအနက် ဥယျာဉ်ကျေးရွာမှလွဲ၍ ကျန်ကျေးရွာ ခြောက်ရွာအား ပြည်ထဲရေးဝန်ကြီးဌာနမှ အမိန့်ကြော်ငြာစာထုတ်ပြန်သတ်မှတ်ထားသော ကျေးရွာများအဖြစ် သတ်မှတ်နိုင်ရေးကိစ္စနှင့်ပတ်သက်၍ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ကျေးရွာအုပ်စု/ကျေးရွာများအား တိုးချဲ့/ပယ်ဖျက်/အမည်ပြောင်း ပြင်ဆင်ဖွဲ့စည်းခြင်းလုပ်ငန်း ဆောင်ရွက်ရမည့်အချက် ၁၆ ချက်နှင့် ကိုက်ညီမှုမရှိသည့်အတွက် ဖော်ပြပါဥပဒေ/ လုပ်ထုံးလုပ်နည်းများတွင် အဆင့်အလိုက်အချိန်ယူ၍ ဆောင်ရွက်ရမည့် ကိစ္စဖြစ်သဖြင့် လတ်တလောဆောင်ရွက်နိုင်ခြင်း မရှိသေးပါကြောင်း ဖြေကြားသည်။

ရွှေတောင်မဲဆန္ဒနယ်မှ ဦးတင်ရွှေ၏ **ရွှေတောင်မြို့နှင့် တစ်ဆက်တည်းရှိသော ကျေးရွာများအား ရပ်ကွက်များအဖြစ် တိုးချဲ့ဖွဲ့စည်းပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မင်းသူက ရွှေတောင်မြို့နယ်သည် သရက်တောရပ်ကွက်၊ ကြာနီကန်ရပ်ကွက်နှင့် ယွန်းတန်းရပ်ကွက် ကျေးရွာအုပ်စု ၄၈ အုပ်စု၊ ကျေးရွာ ၂၉၇ ရွာဖြင့် ဖွဲ့စည်းထားရှိပါကြောင်း၊ မင်းတဲကျွန်းကျေးရွာသည် ယွန်းတန်းရပ်ကွက်အတွင်းရှိ လယ်မြေ ၁၃ဒသမ၇၅ ဧကကို မင်းတဲကျွန်းကျေးရွာဟု လည်းကောင်း၊ လယ်မြေ ၇ ဒသမ ၈၆ ဧကကို စစ်ကိုင်းကျွန်းကျေးရွာဟုလည်းကောင်း ပြောင်းရွှေ့နေရာချထားပေးပြီး ရပ်ကွက်အတွင်းတည်ရှိသည့်အတွက် ၂၀၁၂ ခုနှစ် လယ်ယာမြေ ဥပဒေပုဒ်မ ၃၀(က)နှင့်အညီ လယ်မြေကို အခြားနည်းဖြင့်အသုံးပြုနိုင်ရန် ခွင့်ပြုမိန့်ရရှိရေး လျှောက်ထားဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

ဆည်ကြီးကုန်းကျေးရွာ အုပ်စုတွင်ရှိသော ဖိုးခေါင်ကျေးရွာနှင့် ညောင်ဝိုင်းကျေးရွာတို့သည် သရက်တောရပ်ကွက်နှင့် တစ်ဆက်တစ်စပ်တည်းရှိသော ရွာမြေအမျိုးအစားဖြစ်ပါကြောင်း၊ ယင်းကျေးရွာနှစ်ရွာအား ရပ်ကွက်အဖြစ်တိုးချဲ့ဖွဲ့စည်းလိုပါက နိုင်ငံတော်သမ္မတထံ တင်ပြဆောင်ရွက်သွားရမည်ဖြစ်ပြီး ခွင့်ပြုပါက မြို့၊ ကျေးရွာတိုးချဲ့ဖွဲ့စည်းခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

အမှတ်(၁)အထည်စက်ရုံ (ရွှေတောင်)သည် သရက်ကုန်းရပ်ကွက်၊ ဆည်ကြီးကုန်းကျေးရွာအုပ်စုနှင့် နွားမယံကျေးရွာအုပ်စုများတွင် တည်ရှိပြီး စက်ရုံနယ်မြေအတွင်းရှိ စံပြရပ်သည် သရက်ကုန်းရပ်ကွက်အတွင်းပါဝင်ပါကြောင်း၊ အောင်မြေသာရပ်သည် ဆည်ကြီးကုန်းကျေးရွာအုပ်စု ကြက်ဖြူတောင်ကျေးရွာနှင့် ညောင်ဝိုင်းကျေးရွာအတွင်းပါဝင်ပါကြောင်း၊ စံပြရပ်နှင့် အောင်မြေသာရပ်တို့သည် စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန အမှတ်(၁) အထည်စက်ရုံ(ရွှေတောင်)မှ ပိုင်ဆိုင်သည့် မြေဧရိယာ ၆၁၆ ဒသမ ၉၃ ဧကအတွင်း တည်ရှိနေပြီး အဆိုပါဝန်ကြီးဌာနက ခွင့်ပြုပေးနိုင်ခြင်းမရှိကြောင်း သဘောထားမှတ်ချက်ပြန်ကြားထားသည့်အတွက် ရပ်ကွက်အဖြစ် တိုးချဲ့ဆောင်ရွက်၍ မရနိုင်ပါကြောင်း။

ကသစ်တိုင်းကျေးရွာအုပ်စု၊ တောင်လုံးညီကျေးရွာနှင့် မြို့ဧရိယာဖြစ်သည့် ကြာနီကန်ရပ်ကွက် အကြားတွင် ဆည်ကြီးကုန်းကျေးရွာအုပ်စု ဖိုးခေါင်ကျေးရွာ၊ သဲခုံကျေးရွာနှင့် မင်းရွာကျေးရွာတို့ တည်ရှိနေခြင်း၊ နွားမယံကျေးရွာအုပ်စုရှိ နွားမယံကျေးရွာ၊ ဘယ်လက်ကျေးရွာနှင့် ဖိုးသိန်းတန်ကျေးရွာတို့သည် မြို့ဧရိယာနှင့် တစ်ဆက်တစ်စပ်တည်းမရှိသည့်အတွက် မြို့မြေအတွင်းထည့်သွင်းပြီး ရပ်ကွက်အဖြစ် တိုးချဲ့ဆောင်ရွက်၍မရနိုင်ပါကြောင်း။

ကြို့ကုန်းကျေးရွာအုပ်စု ကြို့ကုန်းကျေးရွာ၊ ဒေါင်းစွန်ကျေးရွာ၊ ရွာမကျေးရွာ၊ နတ်ရေကန်ကျေးရွာ၊ သပြေလှကျေးရွာတို့နှင့် မြို့ဧရိယာဖြစ်သည့် ကြာနီကန်ရပ်ကွက်အကြားတွင် လယ်မြေ ၂၁၅ ဧကရှိပြီး မြို့မြေနှင့် တစ်ဆက်တစ်စပ်တည်းမရှိသည့်အတွက် မြို့မြေအတွင်း ထည့်သွင်းဖွဲ့စည်းပြီး ရပ်ကွက်အဖြစ် တိုးချဲ့ဆောင်ရွက်၍မရနိုင်ကြောင်း ဖြေကြားသည်။

ခန္တီးမဲဆန္ဒနယ်မှ ဦးဂုဏ်ဝမ်း၏ **ခန္တီးမြို့နယ်တွင် ပြည်သူ့စစ်မှုထမ်းဥပဒေ၊ နည်းဥပဒေကိုကျော်လွန်ပြီး ဆောင်ရွက်နေမှုများကို မည်ကဲ့သို့ ထိန်းညှိဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မင်းသူက ခန္တီးခရိုင် ခန္တီးမြို့နယ်သည် ရပ်ကွက် သုံးရပ်ကွက်၊ ကျေးရွာအုပ်စု ၂၉ အုပ်စု၊ ကျေးရွာပေါင်း ၈၁ ရွာဖြင့် ဖွဲ့စည်းထားရှိပြီး မြို့နယ်၌ ပြည်သူ့စစ်မှုထမ်းဆောင်ရန် အကျုံးဝင်သူ အသက် ၁၈ နှစ်မှ ၃၅ နှစ်အတွင်း အမျိုးသား ၄၉၆၈ ဦး ရှိပါကြောင်း၊ ယာယီရွှေ့ဆိုင်းလျှောက်ထားနိုင်သည့် နိုင်ငံ့ဝန်ထမ်း ၁၅၉၇ ဦး၊ အခြားပြုစုစောင့်ရှောက်သူမရှိသော မိအိုဖအိုများကို လုပ်ကျွေးနေသူ ၆၂၀ နှင့် ပညာသင်ကြားနေသော တက္ကသိုလ်/ကောလိပ်ကျောင်းသား ၁၃၇ ဦး၊ ကိုယ်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူ ၄၁၆ ဦး၊ မူးယစ်ဆေးစွဲနေ၍ ဆေးဖြတ်ရန် မက်သဒုန်းဆေး သောက်သုံးနေသူ အမျိုးသား ၂၀၈ ဦး ရှိကြောင်း စိစစ်တွေ့ရှိရပြီး ယနေ့အထိ ပြည်သူ့စစ်မှုထမ်းဆောင်ရန် ၃၂၀ အား ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ပြီးဖြစ်ပါကြောင်း။

ခန္တီးမြို့နယ်အတွင်း ပြည်သူ့စစ်မှုထမ်းရန်အတွက် အဓမ္မဖမ်းဆီးခေါ်ဆောင်ခြင်းခံရသူများဟု ဖော်ပြပါရှိသည့် ဦးဆားပါ အပါ ကိုးဦးနှင့်စပ်လျဉ်း၍ စိစစ်ခဲ့ရာ ဦးဆားပါ၊ ဦးဖိုးချစ်လုံး၊ ဦးနောင်မိုင်၊ ဦးဇော်ဝင်းတို့လေးဦးတို့သည်ပြည်သူ့စစ်မှုထမ်းဥပဒေ၊ နည်းဥပဒေနှင့်အညီ ပြည်သူ့စစ်မှုထမ်းရမည့်သူများဖြစ်သောကြောင့် ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ် (၂၅)တွင် သင်တန်းတက်ရောက်လျက်ရှိပါကြောင်း၊ ဦးသီဟစိုးသည် သတ်မှတ်အသက်ကျော်လွန်နေခြင်း၊ ဦးသန်းထွန်းအောင်၊ ဦးရှိန်မင်းအောင်နှင့် ဦးမင်းသန့်တို့ သုံးဦးသည် လက်ရှိပညာသင်ကြားနေသည့် ကျောင်းသားများဖြစ်ခြင်း၊ ဦးဉာဏ်မြင့်လှိုင်သည် မိအိုဖအိုတို့အား လုပ်ကိုင်ကျွေးမွေးနေသူဖြစ်ခြင်းကြောင့် သတ်မှတ်စုရပ်သို့ မပို့ဆောင်မီ မြို့နယ်စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့မှ မိဘအုပ်ထိန်းသူများထံ စနစ်တကျ ပြန်လည်အပ်နှံဆောင်ရွက်ခဲ့ပြီးဖြစ်ပါကြောင်း၊ အဆိုပါပြည်သူ့စစ်မှုထမ်းရန်ဆင့်ခေါ်ခံရသူ ကိုးဦးသည် ပုံစံ(၁)ပါ အမည်စာရင်းရေးသွင်းထားရှိသူများဖြစ်၍ မြို့နယ်ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့က ပုံစံ(၂)ဖြင့် ဆင့်ခေါ်ခဲ့ခြင်းဖြစ်ကြောင်းနှင့် ပြည်သူ့စစ်မှုထမ်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ပြည်သူ့စစ်မှုထမ်းရန်အတွက် အတင်းအဓမ္မဖမ်းဆီးခေါ်ဆောင်ခဲ့ခြင်း မဟုတ်ပါကြောင်း ဖြေကြားသည်။

မိုင်းတုံမဲဆန္ဒနယ်မှ ဦးထင်အောင်ရှိန်၏ **တောင်ကြီးမြို့မှ နမ့်စန်- တာကော်-မိုင်းပျဉ်း-ကျိုင်းတုံ- တာချီလိတ်ကားလမ်းနှင့် တောင်ကြီးမြို့မှ နမ့်စန်-လင်းခေး- တာဆန်း- မိုင်းတုံ- မိုင်းဆတ်-တာချီလိတ်ကားလမ်းတစ်လျှောက်ရှိ ဌာနဆိုင်ရာ စစ်ဆေးရေးဂိတ်များအား စုစည်း၍ အရေးကြီးသော နေရာများတွင်သာ စစ်ဆေးရေးဂိတ်ဖွင့်လှစ်စစ်ဆေးခြင်းများ ဆောင်ရွက်၍ရနိုင်မှု ရှိ၊ မရှိ၊ အချက်အချာကျသော အရေးကြီးနေရာများတွင် X-Ray machine စက်များထားရှိစစ်ဆေးခြင်း၊ အချို့နေရာများတွင် mobile X-Ray machine စက်များဖြင့် ရွှေ့လျားစစ်ဆေးခြင်းများဆောင်ရွက်ရန် အစီအစဉ် ရှိ၊ မရှိ၊ စစ်ဆေးရေးဂိတ်များတွင် ပြည်သူအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်စေသော ဆောင်ရွက်မှုများ မရှိစေရေးအတွက် မည်သည့်ဌာနက တာဝန်ယူဆောင်ရွက်ပေးမည်နှင့် မည်သို့ဆောင်ရွက်နိုင်မှု အစီအစဉ်များအား သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ် မင်းသူက တောင်ကြီး-နမ့်စန်-ကွန်ဟိန်း-မိုင်းပျဉ်း-ကျိုင်းတုံ-တာချီလိတ်ကားလမ်းပေါ်တွင် စစ်ဆေးရေးဂိတ် ၁၆ ခုရှိရာမှ ဟိုပုံးမြို့ဝင်/ထွက် စစ်ဆေးရေးဂိတ်၊ လွိုင်လင်မြို့(ပန်ခေါက်ဝိုး) လုံခြုံရေးဂိတ်နှင့် တုံတာမြို့ဝင်/ထွက် စစ်ဆေးရေးဂိတ် သုံးခုအား ၂၀၂၆ ခုနှစ် ဇွန်လအတွင်း ရုပ်သိမ်းခဲ့ပြီးဖြစ်သဖြင့် လက်ရှိတွင် စစ်ဆေးရေး ဂိတ် ၁၃ ခုဖြင့် စစ်ဆေးဆောင်ရွက်လျက်ရှိပါကြောင်း၊ တောင်ကြီး-နမ့်စန်-လင်းခေး-မိုင်းတုံ-မိုင်းဆတ်-တာချီလိတ်ကားလမ်းပေါ်တွင် စစ်ဆေးရေးဂိတ် ၂၁ ခုရှိရာမှ ဟိုပုံးမြို့ဝင်/ ထွက်စစ်ဆေးရေးဂိတ်၊ လွိုင်လင်မြို့ (ပန်ခေါက်ဝိုး) လုံခြုံရေးဂိတ်၊ နမ့်စန်မြို့ထွက်သံလမ်းလုံခြုံရေးဂိတ်နှင့် မိုင်းဆတ်မြို့ကာနလုံခြုံရေးဂိတ် လေးခုအား ၂၀၂၆ ခုနှစ် ဇွန်လအတွင်း ရုပ်သိမ်းခဲ့ပြီးဖြစ်သဖြင့် ယင်းလမ်းကြောင်းတွင် စစ်ဆေးရေးဂိတ် ၁၇ ခုဖြင့် စစ်ဆေးဆောင်ရွက်လျက်ရှိပါကြောင်း။

အထက်ပါလမ်းကြောင်း နှစ်ခုတို့၌ လွိုင်လင်မြို့အဝင်စစ်ဆေးရေးဂိတ် (နေမင်းရောင် လမ်းတံတားကောက်ခံရေးဂိတ်)တွင် မူးယစ်ဆေးဝါးရှာဖွေရေးစက် နှစ်လုံး၊ ကျိုင်းတုံမြို့အဝင် ကျိုင်းဖောင်းစစ်ဆေးရေးဂိတ်တွင် မူးယစ်ဆေးဝါးရှာဖွေရေးစက် တစ်လုံး၊ မိုင်းဆတ်မြို့နယ်၊ မိုင်းတွမ်း ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် မူးယစ်ဆေးဝါးရှာဖွေရေးစက် တစ်လုံး၊ တာချီလိတ်မြို့အဝင် လွယ်တော်ခမ်း ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် မူးယစ်ဆေးဝါးရှာဖွေရေးစက် တစ်လုံးနှင့် တာချီလိတ်မြို့အဝင် မယ်ယန်းပူးပေါင်းစစ်ဆေးရေးဂိတ်တွင် မူးယစ်ဆေးဝါးရှာဖွေရေးစက် နှစ်လုံး စသည်တို့ဖြင့် စစ်ဆေးရေးဂိတ် ငါးနေရာတို့တွင် မူးယစ်ဆေးဝါးရှာဖွေရေးစက်များဖြင့် အသုံးပြု၍ စစ်ဆေးဆောင်ရွက်လျက်ရှိပါကြောင်း။

X-Ray စက်များ၊ နည်းပညာမြင့်စက်ကိရိယာများ တပ်ဆင်နိုင်ခြင်းမရှိသေးသည့် ပူးပေါင်းစစ်ဆေးရေးဂိတ်များတွင် ခရီးသည်များအား လူစုခွဲ၍စစ်ဆေးခြင်း၊ ကုန်တင်ယာဉ်များနှင့် ခရီးသည်တင်ယာဉ်များ စစ်ဆေးရာတွင် ပြည်သူလူထုဝန်ထုပ်ဝန်ပိုး မဖြစ်စေရေးအတွက် မသင်္ကာသော၊ သတင်းရသော မော်တော်ယာဉ်များကို ဦးစားပေးစစ်ဆေးခြင်းများ ဆောင်ရွက်ရန် ကြပ်မတ်ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် နည်းပညာမြင့် စက်ကိရိယာပစ္စည်းများအား ဘဏ္ဍာငွေခွဲဝေရရှိမှုသာ ဆောင်ရွက်ရမည့်ကိစ္စဖြစ်ပါကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ဖြေကြားချက်များနှင့်အတူ ရှင်းလင်းဖြေကြားသည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၇ ရက်မြောက်နေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ၂၈ ရက်မြောက်နေ့ကို ဇူလိုင် ၂၃ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

ပြည်သူ့လွှတ်တော်
ရုပ်သံဖိုင်ကြည့်ရန်

# တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၀ ရက်မြောက်နေ့ ကျင်းပ

**နေပြည်တော် ဇူလိုင် ၂၂**

တတိယအကြိမ်အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၀ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးက တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၀ ရက်မြောက်နေ့သို့ တက်ရောက်ခွင့်ရှိသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၂၀၉ ဦးရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၂၀၂ ဦး တက်ရောက်သဖြင့် ထက်ဝက်ကျော်သည့်အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာကာ အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်၏ အတည်ပြုချက် ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် မွန်ပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁၁) ဦးသိန်းမြင့်၏ **မွန်ပြည်နယ် ကျိုက်မရောမြို့နယ်တွင် နှစ်စဉ်မိုးရာသီ၌ မိုးသည်းထန်စွာ ရွာသွန်းပြီး အတ္တရံမြစ်ရေမြင့်တက်ချိန်တွင် လမ်းရေကျော်မှုများ နှစ်စဉ်ဖြစ်ပေါ်လျက်ရှိသည့် မော်လမြိုင်(ဟသ်ာအဝိုင်း)- ကျိုက်မရောလမ်းနှင့် ကျိုက်မရော-ကျွန်းရွာလမ်းများအား လမ်းအဆင့်ပြန်လည်မြှင့်တင်ပေးနိုင်ပါရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က မော်လမြိုင်(ဟသ်ာအဝိုင်း)-ကျိုက်မရောလမ်းပိုင်းတွင် အသွား၊ အပြန်လမ်း ဒွေးလမ်းအနေဖြင့် ဆောင်ရွက်လျက်ရှိရာ အပြန်လမ်းဘက်ခြမ်းတွင် ကျန်ရှိနေသော လမ်းသားတာပေါင်လုပ်ငန်း ၃ ဖာလုံ၊ အရှည် ပေ ၅၀ သံကူကွန်ကရစ်တံတား ၁ စင်း၊ Box Culvert ၂ စင်း၊ ကတ္တရာကွန်ကရစ်ခင်းခြင်း ၆ ဖာလုံ၊ အုတ်စီရေမြောင်းပြုလုပ်ခြင်း ၃ ဖာလုံ လုပ်ငန်းများအား ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ရေကျော်သောလမ်းပိုင်းများတွင် ရေစီးရေလာကောင်းမွန်စေရန် ရေမြောင်းများ၊ တံတားနှင့် Box Culvert များ၏ ရေလမ်းကြောင်းရှင်းပေးခြင်းလုပ်ငန်းများဆောင်ရွက်ထားရှိပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် အရှည် ၂ ဖာလုံအား လမ်းပေါ်ရေမကျော်စေရန် လုံလောက်သောလမ်းသားမြှင့်တင်ခြင်းလုပ်ငန်းကို မွန်ပြည်နယ်အစိုးရအဖွဲ့၏ ရန်ပုံငွေဖြင့် လျာထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ကျိုက်မရော-ကျွန်းရွာလမ်း၏ ရေကျော်သောအပိုင်းတွင် အရှည် ၁ ဒသမ ၅ ဖာလုံ လမ်းသားမြှင့်တင်ခြင်းလုပ်ငန်းအား ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် မွန်ပြည်နယ်အစိုးရအဖွဲ့၏ ရန်ပုံငွေဖြင့် လျာထားဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

ရှမ်းပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၂) ဒေါ်မာလာဆန်း၏ **ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့နယ်နှင့် တောင်ကြီးခရိုင်၊ ရပ်စောက်မြို့နယ်ချင်းဆက် မိုင် ၃၀ လမ်းအား အကျယ် ၁၂ ပေလမ်းမှ အကျယ် ၁၈ ပေ နိုင်လွှန်ကတ္တရာလမ်းအဆင့်သို့ တိုးမြှင့်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်(ဖြည့်စွက်)ရန်ပုံငွေတွင် ထပ်မံ၍ ၁၈ ပေအကျယ် ကတ္တရာလမ်းချဲ့ခင်းခြင်း လုပ်ငန်း ၂ မိုင်၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ကတ္တရာလမ်းချဲ့ခင်းခြင်းလုပ်ငန်း ၃ မိုင် ၁ ဖာလုံ လျာထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ပင်းတယမြို့မှ ရပ်စောက်မြို့အထိ လမ်းပိုင်းအား ကတ္တရာကွန်ကရစ်(AC) လမ်းအဖြစ် လတ်တလောဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးသော်လည်း လက်ရှိ ၁၂ ပေအကျယ် ကတ္တရာလမ်းမှ ၁၈ ပေအကျယ်ကတ္တရာလမ်းအဖြစ်ဆောင်ရွက်ခြင်းအား ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှစတင်ပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ရန်ပုံငွေတွင် ထည့်သွင်းလျာထားပြီး




တတိယအကြိမ်အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၀ ရက်မြောက်နေ့ ကျင်းပစဉ်။

ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

မွန်ပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁၀) ဦးဇော်မြင့်၏ **မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်သို့ ဆက်သွယ်ထားသော အတ္တရံတံတား(ချောင်းနှစ်ခွ)အား အမြန်ဆုံး ပြန်လည်ပြင်ဆင်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က အဆိုပါတံတား၏ ပျက်စီးသွားသော တံတားတိုင် အမှတ် P4 နှင့် P5 ကြား သံမဏိသံပေါင် ပေ ၂၄၀ တစ်ခန်း၏ နေရာတွင် ပြန်လည်တည်ဆောက်မည့် သံမဏိသံပေါင်တံတား ဒီဇိုင်းပုံစံအသစ်အား ရေးဆွဲပြီးဖြစ်၍ စက်ရုံတွင် ထုတ်လုပ်ရေးလုပ်ငန်း ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း၊ တံတားဖျက်သိမ်းခြင်းလုပ်ငန်းအား ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း မြစ်ရေနည်းချိန်ကာလ ပွင့်လင်းရာသီတွင် ဒေသဆိုင်ရာလုံခြုံရေးအဖွဲ့များနှင့် ပူးပေါင်း၍ အချိန်ယူဆောင်ရွက်ရမည်ဖြစ်ပါကြောင်းနှင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် တံတားအသစ်တည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

တနင်္သာရီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၉) ဦးဉာဏ်ထွန်း၏ **တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်၊ မောင်းလှော်ကျေးရွာအုပ်စုနှင့် မင်းဂုတ်ကျေးရွာအုပ်စု ကျေးရွာချင်းဆက်လမ်းအား ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် သို့မဟုတ် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တို့တွင် ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က အဆိုပါလမ်း၏ အပိုင်း(၁)နှင့် အပိုင်း(၂)သည် တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့မှ စီမံခန့်ခွဲသော လမ်းအပိုင်းတွင် ပါဝင်ပြီး အပိုင်း(၃) လမ်းအရှည် ၁ မိုင်ခန့်သည် လတ်တလော လမ်းမှတ်တမ်းစာရင်းတွင် ပါဝင်ခြင်းမရှိသေးပါကြောင်း၊ လမ်းအပိုင်း(၁)နှင့် (၂) စုစုပေါင်းလမ်းအရှည် ၂ မိုင် ၂ ဖာလုံခန့်ရှိ အမာခံလမ်းနှင့် မြေသားလမ်းများအား ကျောက်ခင်းလမ်း ၁ မိုင် ၄ ဖာလုံကို ဆောင်ရွက်နိုင်ရန် တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ရန်ပုံငွေတွင် လျာထားနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပြီး ကျန်ရှိနေသော အမာခံလမ်းပိုင်းများကိုလည်း ကျောက်လမ်းခင်းခြင်းလုပ်ငန်းများကို နှစ်အလိုက် ရန်ပုံငွေလျာထားသွားမည်ဖြစ်ပါကြောင်း။

ကျန်ရှိသည့် လမ်းအပိုင်း(၃) မင်းဂုတ်(အပေါ်)ရွာ၏ တောင်ဘက်လမ်းပိုင်းအား လမ်းလွှဲပြောင်းသိမ်းသွင်းခြင်းလုပ်ငန်းစဉ်ပြီးစီးပါက တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေတွင် လျာထားနိုင်ရေး ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁) ဦးရန်နိုင်ဝင်း၏ **ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်အတွင်းရှိ စီးပွားရေး၊ လူမှုရေးနှင့် လမ်းပန်းဆက်သွယ်ရေးအတွက် အရေးပါသော ခရိုင်ချင်းဆက် လမ်းမကြီး(၃)ပိုင်းအား ပြည်ထောင်စုဘတ်ဂျက် သို့မဟုတ် တိုင်းဒေသကြီးဘတ်ဂျက်ရန်ပုံငွေဖြင့် ထည့်သွင်း၍ အမြန်ဆုံးအဆင့်မြှင့်တင်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က အဆိုပါလမ်းပိုင်းများတွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ရန်ပုံငွေဖြင့် လမ်းပိုင်း(၁)တွင် လမ်းအနိမ့်အမြင့်ဖြေညှိ၍ ကတ္တရာထပ်ပိုးလွှာခင်းခြင်း ၁ မိုင်၊ လမ်းပိုင်း(၂)တွင် ကတ္တရာလမ်း အနိမ့်အမြင့် ဖြေညှိခြင်းလုပ်ငန်း ၁ မိုင် ၁ ဖာလုံ၊ လမ်းပိုင်း(၃)တွင် ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ၂ ဖာလုံနှင့် လမ်းအနိမ့်အမြင့် ဖြေညှိခြင်းလုပ်ငန်း ၄ ဖာလုံတို့ကို ခွင့်ပြုထားပြီး ဖြစ်ပါကြောင်း။

အဆိုပါ ခရိုင်ချင်းဆက်လမ်းမကြီး (၃)ပိုင်းအား ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် လမ်းပိုင်း(၁)တွင် ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ၂ ဖာလုံနှင့် လမ်းအနိမ့်အမြင့်ဖြေညှိခြင်းလုပ်ငန်း ၆ ဖာလုံ ဆောင်ရွက်ခြင်း၊ လမ်းပိုင်း(၂)တွင် လမ်းအနိမ့်အမြင့်ဖြေညှိခြင်းလုပ်ငန်း ၅ ဖာလုံ ဆောင်ရွက်ခြင်းနှင့် လမ်းပိုင်း(၃)တွင် ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ၄ ဖာလုံနှင့် လမ်းအနိမ့်အမြင့် ဖြေညှိခြင်းလုပ်ငန်း ၁ မိုင် ၂ ဖာလုံ လျာထားဆောင်ရွက်ပြီးဖြစ်ပါကြောင်း၊ ထို့ပြင် အဆိုပါလမ်းပိုင်း ၃ ပိုင်း၏ ကျန်ရှိနေသောလမ်းပိုင်းများကိုလည်း ပြုပြင်မွမ်းမံအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများအား နှစ်အလိုက်ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ လျာထားသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ကယားပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၃) ဦးမြင့်သိန်း၏ **ကယားပြည်နယ်၊ လွိုင်ကော်၊ ပင်လောင်း၊ အောင်ပန်းလမ်းခွဲအထိ ရှိးရှိးကတ္တရာလမ်းမကြီးအား ၁၈ ပေအကျယ် နိုင်လွန် ကတ္တရာလမ်းမကြီးအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က ကယားပြည်နယ် လွိုင်ကော်မြို့အဝင်လမ်းပိုင်းအား ပြည်ထောင်စုနှင့် ကယားပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေများဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ၇ မီတာအကျယ် ကတ္တရာကွန်ကရစ်ခင်းခြင်း ၁ မိုင် လျာထားဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)တွင်လည်း ပြည်ထောင်စုနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ရန်ပုံငွေများဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးတွင် ၂၃ ပေ (၇ မီတာ) အကျယ် ကတ္တရာလမ်းချဲ့ခင်းခြင်း ၄ မိုင် ၅ ဖာလုံ၊ ကွန်ကရစ်ခင်းခြင်း ၁ မိုင် ၃ ဖာလုံ၊ ၁၈ ပေအကျယ်ကတ္တရာလမ်းမှ ၂၄ ပေ အကျယ်ရရန် ဒုအခြေခံလွှာချဲ့ခင်းခြင်း ၅ ဖာလုံ၊ ၁၂ ပေအကျယ်မှ ၁၈ ပေ အကျယ် ကတ္တရာလမ်းခင်းခြင်း ၃ ဖာလုံ၊ ၁၈ ပေ အကျယ် ကတ္တရာထပ်ပိုးလွှာခင်းခြင်း ၂ မိုင် ၁ ဖာလုံ၊ နောင်တရားမြို့တွင်း လမ်းသားတာပေါင်ချဲ့ခြင်း ၁ မိုင် ၂ ဖာလုံ၊ လမ်းအနိမ့်အမြင့်ဖြေညှိ၍ ကတ္တရာရေပိတ်လွှာလောင်းခြင်း ၁ မိုင် ၃ ဖာလုံနှင့် ကျောက်စီရေမြောင်းနှင့် ကျောက်စီ မြေကာနံရံတည်ဆောက်ခြင်း ၂၆၂၅ ပေလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

အဆိုပါလမ်းအား အများပြည်သူ အသုံးပြုမှုများပြားသော မြို့တွင်းလမ်းပိုင်းများတွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် လျာထားပြီးသည့်အတိုင်း ဆောင်ရွက်သွားမည်ဖြစ်ပြီး ကျန်လမ်းပိုင်းများကိုလည်း ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် လျာထားသည့်အတိုင်း ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်နှင့် ထိုင်းလွှတ်တော်ချစ်ကြည်ရင်းနှီးရေးအသင်းများဖွဲ့စည်းရန် လွှတ်တော်၏ သဘောထားရယူပြီး **မြန်မာ-ထိုင်း လွှတ်တော်ချင်းချစ်ကြည်ရင်းနှီးရေးအသင်း**တွင် ဥက္ကဋ္ဌအဖြစ် ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁၀) ဦးချစ်ဆွေနှင့် အတွင်းရေးမှူးအဖြစ် တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးချုပ် သန်းထွန်းအောင်တို့ အပါအဝင် အဖွဲ့ဝင် ၁၀ ဦးတို့၏ အမည်စာရင်းများကို လွှတ်တော်၏ အတည်ပြုချက်ရယူရာ အတည်ပြုသဖြင့် အမျိုးသားလွှတ်တော်နှင့် ထိုင်းလွှတ်တော် ချစ်ကြည်ရင်းနှီးရေးအသင်း ဖွဲ့စည်းခြင်းနှင့် အသင်းများတွင် ပါဝင်သည့် ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်တို့၏ အမည်စာရင်းများကို အတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်ဇော်က အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေကို သတ္တမအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်၊ ဖြည့်စွက်လိုသည့် ပုဒ်မ၊ ပုဒ်မခွဲများအား လွှတ်တော်သို့ တင်သွင်းသည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ချင်းပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁၁) ပီကျိန်ဒိုက်မန်က အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေကို သတ္တမအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းပြီး အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုပါဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲအလိုက် အသေးစိတ်ဖော်ပြ လက်မှတ်ရေးထိုးပြီး အမျိုးသားလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်မြင့်လွင်က တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို သတ္တမအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်၊ ဖြည့်စွက်လိုသည့် ပုဒ်မ၊ ပုဒ်မခွဲများအား လွှတ်တော်သို့ တင်သွင်းသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၄) ဦးအောင်ကျော်မင်းက တိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို သတ္တမအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းပြီး အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုပါဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲအလိုက် အသေးစိတ်ဖော်ပြ လက်မှတ်ရေးထိုးပြီး အမျိုးသားလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၀ ရက်မြောက်နေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ၂၁ ရက်မြောက်နေ့ကို ဇူလိုင် ၂၄ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

အမျိုးသားလွှတ်တော် ရုပ်သံဖိုင် ကြည့်ရန်

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၂၂**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးသည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး H.E. Ms. Ma Jia အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**တက်ရောက်**

အဆိုပါတွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ သံမှူး၊ စစ်သံမှူးနှင့် သံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံအကြား ပိုမိုနက်ရှိုင်းသည့် ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရင်းနှီးမှုနှင့် မဟာဗျူဟာကျသည့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေး၊ နှစ်နိုင်ငံ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးနှင့် ဒေသဖွံ့ဖြိုးရေးအတွက် ပူးပေါင်းဆောင်ရွက်ရေး၊ နိုင်ငံတော်အစိုးရအနေဖြင့် လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့များကို ငြိမ်းချမ်းရေးဆွေးနွေးရန် ဖိတ်ခေါ်ထားရှိမှုနှင့် ပြည်တွင်းငြိမ်းချမ်းရေး ဆွေးနွေးပွဲများ ဆောင်ရွက်နေမှု၊ ကမ္ဘာတစ်ဝန်း လူသားမျိုးနွယ်အား ခြိမ်းခြောက်လျက်ရှိသည့် မူးယစ်ဆေးဝါးအန္တရာယ်နှင့်ပတ်သက်၍ မြန်မာနိုင်ငံအနေဖြင့် အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် မူးယစ်ဆေးဝါးတရားမဝင် ရောင်းဝယ်ဖောက်ကားမှုများကို တားဆီးနှိမ်နင်းလျက်ရှိမှု၊ အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများကို အိမ်နီးချင်းနိုင်ငံများ အပါအဝင် ဒေသတွင်းနိုင်ငံများဖြင့် ပူးပေါင်းတိုက်ဖျက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ တပ်မတော်နှစ်ရပ်အကြား နည်းပညာ၊ သတင်းအချက်အလက်အပါအဝင် နယ်ပယ်အလိုက် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။



တွေ့ဆုံပွဲအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီးတို့သည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကို ထမ်းဆောင်ခဲ့ပြီး ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုပွဲ အခမ်းအနားများ ကျင်းပ

**နေပြည်တော် ဇူလိုင် ၂၂**

နိုင်ငံတော် တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်း သာယာရေးအတွက် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း နယ်မြေလုံခြုံရေးတာဝန်များကို ထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်း အခမ်းအနားများကို ယနေ့ ညနေပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ရှိ နယ်မြေခံတပ်ရင်း၌လည်းကောင်း၊ ဝန်းသိုမြို့ရှိ နယ်မြေခံတပ်ရင်း၌ လည်းကောင်း၊ ကျောက်မြောင်းမြို့ရှိ နယ်မြေခံတပ်ရင်း၌ လည်းကောင်း အသီးသီးပြုလုပ်ရာ အနောက်မြောက် တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။



တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ် စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို မိဝေးဖဝေး၊ မိသားစုများနှင့် ဝေးကွာ၍ နေ့မအား၊ ညမနား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန် တပ်မတော်သား များအား တက်ရောက် လာကြသူများက အောင်သပြေခက် ကမ်း၍လည်းကောင်း၊ အိုးစည်ဒိုးပတ် အတီးအမှုတ်၊ အကအခုန်များဖြင့်လည်းကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြု ကြိုဆိုခဲ့ကြသည်။ ယင်းနောက် သက်ဆိုင်ရာ တာဝန်ရှိသူများက အောင်ပွဲရ ရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## စစ်အုပ်ချုပ်ရေး အမိန့်အမှတ်၊ ၄/ ၂၀၂၆ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး**
စစ်အုပ်ချုပ်ရေးအမိန့်အမှတ်၊ ၄/၂၀၂၆
၁၃၈၈ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၇ ရက်
(၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးက ၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၈ ရက်၊ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၃ ရက်တွင် ထုတ်ပြန်ခဲ့သည့် စစ်အုပ်ချုပ်ရေးအမိန့်အမှတ် ၂/၂၀၂၆ နှင့် စစ်အုပ်ချုပ်ရေးအမိန့်အမှတ်၃/၂၀၂၆ တို့သည် အုပ်ချုပ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ မူလအခြေအနေသို့ ပြန်လည်ရောက်ရှိခဲ့သည့် ချင်းပြည်နယ်၊ တွန်းဇံမြို့နယ်နှင့် ဖလမ်းမြို့နယ်တို့မှအပ ဆက်လက်အတည်ဖြစ်သည်။

ပုံ
ရဲဝင်းဦး
ဗိုလ်ချုပ်ကြီး
တပ်မတော်ကာကွယ်ရေးဦးစီးချုပ်

# ကျုံပျော်မြို့၌ ပြည်သူ့ဗဟိုပြုရဲလုပ်ငန်းစနစ် အကောင်အထည်ဖော်ဆောင်ရွက်ရေး ဆွေးနွေး



**ကျုံပျော် ဇူလိုင် ၂၂**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင်ရဲတပ်ဖွဲ့မှ ဦးဆောင်ကာ ပြည်သူ့ဗဟိုပြုရဲလုပ်ငန်းစနစ် အကောင်အထည်ဖော် ဆောင်ရွက်ရေး ဆွေးနွေးပွဲကို ကျုံပျော်မြို့နယ် ဧရာမင်းခန်းမ၌ ဇူလိုင် ၂၀ ရက်က ပြုလုပ်ရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစောထွန်းဝင်းက အမှာစကားပြောကြားသည်။

ထို့နောက် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး ခင်မောင်လွင်က ပြည်သူ့ဗဟိုပြုရဲလုပ်ငန်းစနစ် အကောင်အထည်ဖော် ဆောင်ရွက်မှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နမ့်သီတာချိုစင်နှင့် အဖွဲ့ဝင်များက တက်ရောက်လာသူများထံ မှုခင်းအသိပညာပေး လက်ကမ်းစာစောင်များအား ဖြန့်ဝေပေးခဲ့သည်။

ယင်းနောက် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ ခရိုင်ရဲတပ်ဖွဲ့မှူးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ မိတ်ဖက်အဖွဲ့များက ပြည်သူ့ဗဟိုပြုရဲလုပ်ငန်းစနစ် အကောင်အထည်ဖော်ဆောင်ရွက်ရေး စကားဝိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **နေဝင်းမြင့်(ပြန်/ဆက်)**



# ကျိုက်မရောမြို့နယ်၌ အုတ်စီရေမြောင်း ပြုလုပ်နိုင်ရေး ကွင်းဆင်းစစ်ဆေး

**ကျိုက်မရော ဇူလိုင် ၂၂**

မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ပြည်နယ်အစိုးရရန်ပုံငွေဖြင့် နတ်စမ်းကျေးရွာ၌ အုတ်စီရေမြောင်းလုပ်ငန်း ဆောင်ရွက်နိုင်ရေး ဇူလိုင် ၂၀ ရက်က မွန်ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးမင်းမြင့်မောင်လေးနှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

မွန်ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး၊ ကရင်တိုင်းရင်းသားရေးရာဝန်ကြီး ဦးအောင်ကျော်သိန်း၊ မော်လမြိုင်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးမြင့်နိုင်ဦးနှင့် ဝန်ထမ်းများက နတ်စမ်းကျေးရွာ၌ အရှည် ပေ ၂၅၀၀၊ အကျယ် နှစ်ပေ၊ အမြင့် နှစ်ပေရှိ အုတ်စီရေမြောင်းဆောင်ရွက်နိုင်ရေး ကွင်းဆင်းကြည့်ရှု၍ လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။ **သုတ**

# ဒေးဒရဲမြို့နယ်၌ ရေပြင်မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေး ဇာတ်တိုက်လေ့ကျင့်

**ဒေးဒရဲ ဇူလိုင် ၂၂**

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ် ကမ်းနားလမ်း၌ ယနေ့နံနက်ပိုင်းက ရေပြင်မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးသရုပ်ပြ ဇာတ်တိုက်လေ့ကျင့်ခြင်း ဆောင်ရွက်သည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြသိန်းမောင်က အမှာစကားပြောကြားပြီး မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ သီးသန့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူများက တိုးမြစ်အတွင်း ရေယာဉ်မီးလောင်မှုတွင် ပြည်သူနှစ်ဦး ရေနစ်မြုပ်မှုဖြစ်စဉ်အား ရေပြင်ရှာဖွေကယ်ဆယ်ရေး ဇာတ်တိုက်လေ့ကျင့်ခဲ့ကြောင်း သိရသည်။ **မင်းထက်သာ**

# လေးဝတီ ကုလားတန် အမြန်အေးချမ်း မိုးဆန်းပန်းသို့ ...

**မောင်မန်းညို (မဟာဝိဇ္ဇာ)**

> **ကုလားတန်မြစ်ကြောင်းစီမံကိန်းသည် စစ်တွေပင်လယ်ဆိပ်ကမ်းမှတစ်ဆင့် ချင်းပြည်နယ် ပလက်ဝဒေသ ထိုမှတစ်ဆင့် အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ်အထိ ကုန်စည်များကို အဆင်ပြေချောမွေ့စွာ သယ်ယူပို့ဆောင်နိုင်ရန် ရည်ရွယ်ထားခြင်း ဖြစ်သည်။ အလားတူ လေးမြို့မြစ်ဝှမ်းဒေသသည်လည်း ရှေးဟောင်းယဉ်ကျေးမှုမြို့တော် မြောက်ဦးနှင့် မင်းပြား၊ ကျောက်တော် စသည့်မြို့နယ်များရှိ ပြည်သူတို့၏ စိုက်ပျိုးရေး၊ ရေလုပ်ငန်းနှင့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း (Eco-tourism) တို့အတွက် အဓိကမှီခိုရာဖြစ်သည်။ ဤမြစ်ဝှမ်းဒေသများ အမြန်ဆုံး အေးချမ်းတည်ငြိမ်လာခြင်းသည် ဒေသခံပြည်သူတို့အတွက် မိုးဦးကျကာလတွင် လန်းဆန်းစွာဖူးပွင့်လာမည့် "မိုးဆန်းပန်း" ကဲ့သို့ပင် လူမှုစီးပွားဘဝ ရှင်သန်ဖွံ့ဖြိုးမှုကို ချက်ချင်းဆောင်ကြဉ်းပေးမည်**

မြန်မာနိုင်ငံ၏ အနောက်ဘက်တံခါးဖြစ်သော ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ် တောင်ပိုင်းဒေသများသည် သဘာဝအရင်းအမြစ်၊ သမိုင်းဝင်ယဉ်ကျေးမှုအမွေအနှစ်များနှင့် မဟာဗျူဟာမြောက် ကုန်သွယ်ရေးလမ်းကြောင်းများ ဆုံစည်းရာ အချက်အချာမြေဖြစ်ပါသည်။ ရခိုင်ပြည်နယ်မြောက်ပိုင်းနှင့် ချင်းပြည်နယ်တောင်ပိုင်းနေ ဒေသခံပြည်သူတို့၏ အသက်သွေးကြောဖြစ်သည့် ကုလားတန်မြစ်သည် လမ်းပန်းဆက်သွယ်ရေး၊ စိုက်ပျိုးရေးနှင့် ကုန်စည်စီးဆင်းမှုတို့တွင် မရှိမဖြစ်အားထားရသည့် မိခင်မြစ်ကြီးဖြစ်ပါသည်။

**"လေးဝတီ"**ဆိုသည်မှာ ရခိုင်ဒေသတစ်ခုလုံးကို ကိုယ်စားပြုသော သာယာလှပသည့် အလင်္ကာထပ် ဝေါဟာရတစ်ခုဖြစ်ပြီး ရှေးဟောင်းရခိုင်ဒေသမြို့တော်လေးခုဖြစ်သော ဓညဝတီ၊ ရမ္မာဝတီ၊ မေဃဝတီနှင့် ဒွါရာဝတီတို့ကို ပေါင်းစပ်ခေါ်ဝေါ်ထားခြင်းဖြစ်ပါသည်။ တစ်နည်းအားဖြင့် ရခိုင်ပြည်နယ်ကို လေးဝတီဟု တင်စားခေါ်ဝေါ်ခြင်းဖြစ်ပါသည်။

ကုလားတန်မြစ်သည် အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ်ဘက်မှ မြစ်ဖျားခံပြီး ချင်းပြည်နယ် (ပလက်ဝ)မှတစ်ဆင့် ရခိုင်ပြည်နယ် (ကျောက်တော်၊ ပုဏ္ဏားကျွန်း)ကိုဖြတ်သန်းကာ စစ်တွေမြို့အနီးမှ ဘင်္ဂလားပင်လယ်အော်ထဲသို့ စီးဝင်ပါသည်။ စာပေများတွင် ကစ္ဆပနဒီ (ခေါ်) ကုလားတန်မြစ်ဟု တွေ့ရသည်။ ရခိုင်ပြည်နယ်တွင် အရှည်ဆုံးနှင့် အကြီးဆုံးမြစ်ဖြစ်ပါသည်။ ထို့ကြောင့်ပင် အိန္ဒိယ-မြန်မာ ကုလားတန် ဘက်စုံဖြတ်သန်းသယ်ယူပို့ဆောင်ရေး စီမံကိန်း (Kaladan Multi-Modal Project) ၏ အဓိက ရေကြောင်းလမ်းဖြစ်ပါသည်။

လေးမြို့မြစ်သည်လည်း ထိုဒေသ၏အခရာမြစ်တစ်စင်းဖြစ်သည်။ လေးမြို့မြစ်သည် ချင်းပြည်နယ်အတွင်းရှိ ချင်းတောင်တန်း ဘာဘုတလန်တောင်ထိပ်မှ ရခိုင်ပြည်နယ်သို့ ဖြတ်သန်းစီးဆင်းသွားသော မြစ်တစ်စင်းဖြစ်သည်။ လေးမြို့မြစ်သည် မြန်မာနိုင်ငံ အနောက်ဘက်ကမ်းမြောင်ဒေသရှိ မြစ်ကြီးလေးစင်းအနက် ကုလားတန်မြစ်ပြီးလျှင် ရခိုင်ပြည်နယ်၏ ဒုတိယအရှည်ဆုံး မြစ်တစ်စင်းဖြစ်သည်။ ချင်းပြည်နယ် မင်းတပ်ခရိုင် မတူပီမြို့နယ်အတွင်းရှိ ဘုံတလာရေတံခွန်မှ အစတည်မြစ်ဖျားခံကာ ပလက်ဝမြို့နယ်သို့ဖြတ်သန်း၍ ရခိုင်ပြည်နယ်အတွင်းသို့ စီးဆင်းလာသော မြစ်တစ်စင်းဖြစ်သည်။ လေးမြို့မြစ်သည် စစ်တွေအရှေ့ဘက် အိန္ဒိယသမုဒ္ဒရာသို့ စီးဝင်သည်။

**လတ်တလော နိုင်ငံတော်အစိုးရအနေဖြင့် အိမ်နီးချင်းနိုင်ငံများနှင့် ဒေသတွင်း သုံးနိုင်ငံအဆင့်၊ နှစ်နိုင်ငံအဆင့် မဟာဗျူဟာမြောက်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများကို တစိုက်မတ်မတ် အကောင်အထည်ဖော်လျက်ရှိရာ "အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံ အဝေးပြေးလမ်းမကြီးစီမံကိန်း" နှင့် "ကုလားတန်မြစ်ကြောင်းဘက်စုံသုံး ဖြတ်သန်း သယ်ယူပို့ဆောင်ရေးစီမံကိန်း" တို့သည် ဒေသတွင်း** **စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အဟုန်မြှင့်တင်ပေးမည့် အဓိက မောင်းနှင်အားကြီးများဖြစ်ပါသည်။ အဆိုပါစီမံကိန်းကြီးများသည် အိမ်နီးချင်း အိန္ဒိယနိုင်ငံနှင့် ကုန်သွယ်မှုမြှင့်တင်ရန်သာမက ကုန်းလမ်း၊ ရေလမ်းဆက်သွယ်မှုများမှတစ်ဆင့် အရှေ့တောင်အာရှနှင့် တောင်အာရှကိုချိတ်ဆက်ပေးမည့် မဟာဗျူဟာမြောက် ကုန်သွယ်ရေးစင်္ကြံကြီးလည်းဖြစ်သည်။**

ကုလားတန်ဘက်စုံသုံးစီမံကိန်း တည်ဆောက်ခြင်းသည် အိန္ဒိယအရှေ့မြောက် မီဇိုရမ်ဒေသနှင့် ကုန်သွယ်စီးပွားကဏ္ဍအဖြစ် လိုအပ်သည့် ကုန်ပစ္စည်းများကို စစ်တွေမြို့မှတစ်ဆင့် ပလက်ဝမြို့သို့ ဖြတ်ပြီး ရေလမ်း၊ ကုန်းလမ်းမှတစ်ဆင့် သယ်ယူပို့ဆောင်ရန် ရည်ရွယ်ကြောင်း သိရသည်။ အဆိုပါစီမံကိန်းတွင် စစ်တွေဆိပ်ကမ်းအပါအဝင် ပလက်ဝကုန်းတွင်းဆိပ်ကမ်း၊ ကုလားတန်မြစ်ကူးတံတား၊ ပလက်ဝ-မီဇိုရမ်ကားလမ်းများလည်း ပါဝင်ပါသည်။

**မိခင်မြစ်နှစ်စင်းနှင့် ဒေသခံတို့၏ မျှော်လင့်ချက်အလင်း**

ကုလားတန်မြစ်ကြောင်းစီမံကိန်းသည် စစ်တွေပင်လယ်ဆိပ်ကမ်းမှတစ်ဆင့် ချင်းပြည်နယ် ပလက်ဝဒေသ ထိုမှတစ်ဆင့် အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ်အထိ ကုန်စည်များကိုအဆင်ပြေချောမွေ့စွာ သယ်ယူပို့ဆောင်နိုင်ရန် ရည်ရွယ်ထားခြင်းဖြစ်သည်။ အလားတူ လေးမြို့မြစ်ဝှမ်းဒေသသည်လည်း ရှေးဟောင်းယဉ်ကျေးမှုမြို့တော် မြောက်ဦးနှင့် မင်းပြား၊ ကျောက်တော် စသည့်မြို့နယ်များရှိ ပြည်သူတို့၏ စိုက်ပျိုးရေး၊ ရေလုပ်ငန်းနှင့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း (Eco-tourism) တို့အတွက် အဓိကမှီခိုရာဖြစ်သည်။ ဤမြစ်ဝှမ်းဒေသများ အမြန်ဆုံး အေးချမ်းတည်ငြိမ်လာခြင်းသည် ဒေသခံပြည်သူတို့အတွက် မိုးဦးကျကာလတွင် လန်းဆန်းစွာဖူးပွင့်လာမည့် "မိုးဆန်းပန်း"ကဲ့သို့ပင် လူမှုစီးပွားဘဝ ရှင်သန်ဖွံ့ဖြိုးမှုကို ချက်ချင်းဆောင်ကြဉ်းပေးမည်ဖြစ်သည်။

**စီမံကိန်းဆိုင်ရာအစည်းအဝေးနှင့် ဒေသအတွက် လင်းရောင်ခြည်**

၉-၇-၂၀၂၆ ရက်နေ့တွင် ကျင်းပခဲ့သည့် အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံ အဝေးပြေးလမ်းမကြီးစီမံကိန်းနှင့် ကုလားတန်မြစ်ကြောင်း ဘက်စုံသုံး ဖြတ်သန်းသယ်ယူပို့ဆောင်ရေးစီမံကိန်း ဆိုင်ရာ ညှိနှိုင်းအစည်းအဝေးတွင် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က "အိမ်နီးချင်းနိုင်ငံများသို့ သွားရောက်နိုင်သည့် ကုန်းလမ်းဆက်သွယ်မှု လမ်းကြောင်းနှင့် ရေကြောင်းဆက်သွယ်မှု လမ်းကြောင်းများသည် နယ်စပ်ဒေသကူးသန်းသွားလာမှုနှင့် ကုန်သွယ်မှုများကို များစွာအထောက်အကူပြုကြောင်း၊ မိမိတို့နိုင်ငံတော်အစိုးရ တာဝန်ယူဆောင်ရွက်ချိန်တွင် ယခင်ကတည်းကရှိခဲ့သည့် အိမ်နီးချင်းနိုင်ငံများနှင့် ဆက်သွယ်ဆောင်ရွက်နိုင်သည့် လမ်းကြောင်းစီမံကိန်းများကို အဆင့်မြှင့်တင်နိုင်ရေး ဦးစားပေး ပြန်လည်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုစီမံကိန်းများသည် မိမိတို့နိုင်ငံအတွက် များစွာအကျိုးဖြစ်ထွန်းစေမည် ဖြစ်သဖြင့် အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ရန်လိုကြောင်း၊ မြန်မာနိုင်ငံအတွက် အရေးကြီးသည့် အိမ်နီးချင်းနိုင်ငံများနှင့် ကုန်သွယ်မှုလမ်းကြောင်းများ များစွာရှိပြီး မြန်မြန်ဆန်ဆန်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်လိုကြောင်း" လမ်းညွှန်ခဲ့ပါသည်။

**...ဒေသတည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး တစ်ပြိုင်တည်းဆွဲကိုင်ခြင်း**

နိုင်ငံတော်အစိုးရအနေဖြင့် တရားဥပဒေစိုးမိုးရေးနှင့် နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးကို အလေးထားဆောင်ရွက်နေသကဲ့သို့ ဒေသခံပြည်သူတို့၏ စားရေရိက္ခာဖူလုံရေး၊ ကုန်ဈေးနှုန်းတည်ငြိမ်ရေးနှင့် အခြေခံအဆောက်အအုံများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကိုလည်း အရှိန်အဟုန်မြှင့်လုပ်ဆောင်လျက်ရှိသည်။ အထူးသဖြင့် ကုန်သွယ်ရေးစင်္ကြံလမ်းများပေါ်ရှိ ဆိပ်ကမ်းများနှင့် လမ်းပန်းဆက်သွယ်ရေးကွန်ရက်များ ကောင်းမွန်နေစေရန် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်လျက်ရှိခြင်းမှာ ဝမ်းမြောက်ဖွယ်ရာ အပြုသဘောဆောင်သည့် ခြေလှမ်းများဖြစ်ပါသည်။

**ကုလားတန်မြစ်၊ လေးမြို့မြစ်နှင့် တင်စား**ခေါ်ဝေါ်အပ်သည့် လေးဝတီမြစ်ဝှမ်းတစ်လျှောက် နေထိုင်ကြသော ရခိုင်၊ ချင်း အပါအဝင် တိုင်းရင်းသားမျိုးနွယ်စုအားလုံးသည် ငြိမ်းချမ်းခြင်း၏ အသီးအပွင့်များကို ခံစားလိုကြပြီဖြစ်သည်။ ရေလမ်း၊ ကုန်းလမ်းဆက်သွယ်ရေးများ ပြန်လည်ပွင့်လင်းလာပြီး နယ်စပ်ကုန်သွယ်မှုများ တိုးတက်လာပါက ဒေသတွင်း အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်များလာပြီး အထွေထွေလူမှုစီးပွားဘဝ ချက်ချင်းမြင့်မားလာမည်မှာ မြေကြီးလက်ခတ်မလွဲဖြစ်ပါသည်။

**အေးချမ်းခြင်းမိုးဆန်းပန်း ဝေဆာစေချင်**

အဆိုပါအစည်းအဝေးတွင် နိုင်ငံတော်သမ္မတက "နယ်စပ်ဂိတ်များဖွင့်လှစ်၍ တရားဝင်ကုန်သွယ်မှုများဆောင်ရွက်နိုင်ခြင်းသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာ စီမံကိန်းလမ်းကြောင်းများအလိုက် လုံခြုံရေးပိုင်းအရ ဆောင်ရွက်ပြီးချိန်တွင် တည်ဆောက်ရေးလုပ်ငန်းများကို တစ်ပြိုင်တည်းဝင်ရောက်ဆောင်ရွက်သွားနိုင်ရန်လိုကြောင်း" မိန့်မှာခဲ့ရာ မိုးဦးကျကာလတွင် မြေကမ္ဘာတစ်ခွင် စိမ်းလန်းစိုပြည်လာသကဲ့သို့ ကုလားတန်မြစ်ကြီးနှင့် လေးဝတီမြစ်မင်းတို့ ဖြတ်သန်းစီးဆင်းရာ ရခိုင်နှင့် ချင်းမြေတစ်ခွင်သည်လည်း အမြန်ဆုံးအေးချမ်းတည်ငြိမ်ပြီး ဖွံ့ဖြိုးတိုးတက်မှုအလင်းရောင်များ လွှမ်းခြုံလာစေရန် မျှော်လင့်မိပါသည်။

ဒေသခံပြည်သူများ၏ လိုလားချက်ဖြစ်သော ငြိမ်းချမ်းရေးနှင့် နိုင်ငံတော်၏မဟာဗျူဟာမြောက် စီမံကိန်းများ အောင်မြင်စွာ ဟန်ချက်ညီညီလည်ပတ်နိုင်ခြင်းအားဖြင့် ကုလားတန်မြစ်၊ လေးမြို့မြစ်နှင့် လေးဝတီမြစ်ဝှမ်းဒေသကြီးသည် အမြန်ဆုံး အေးချမ်းသာယာပြီး "မိုးဆန်းပန်း"များကဲ့သို့ လှပဝေဆာ လန်းဆန်းနိုင်ပါစေကြောင်း ဆုတောင်းလျက် ဆန္ဒမွန်ဖြင့် ရေးသားတင်ပြလိုက်ရပါသည်။ ။

---

**❖ ရှမ်းယူနိုက်တက်မှ**

တောင်ကြီးကွင်း၌ကျင်းပသည့်ပွဲတွင် ရှမ်းယူနိုက်တက်အသင်းက ဖွဲ့ကပင်ယူနိုက်တက်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသည်။ ရှမ်းယူနိုက်တက်အသင်းသည် အသင်းသမိုင်းတစ်လျှောက် ပထမဆုံးအိမ်ကွင်း လက်ခံကစားခြင်းဖြစ်ပြီး တောင်ကြီးမြို့၌ကစားသည့်ပွဲတွင် ဖွဲ့ကပင်ယူနိုက်တက်အသင်းကို အနိုင်ကစားခဲ့ခြင်းဖြစ်သည်။

ဖွဲ့ကပင်ယူနိုက်တက်အသင်းသည် အဝေးကွင်းပွဲတွင် ဦးဆောင်ဂိုးသွင်းယူနိုင်သော်လည်း ဂိုးများပြန်ပေးရကာ အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။ ဖွဲ့ကပင်ယူနိုက်တက် အသင်းသည် ၁၅ မိနစ်တွင် ဘီလင်ဒါ၏ ဂိုးဖြင့် ဦးဆောင်နိုင်သော်လည်း ၃၂ မိနစ်တွင် နန်းဖြူဖြူသွယ်က ရှမ်းယူနိုက်တက်အသင်းအတွက် ချေပဂိုးပြန်သွင်းကာ ပထမပိုင်းအပြီးတွင် တစ်ဂိုးစီ သရေကျခဲ့သည်။ ဒုတိယပိုင်းတွင် ရှမ်းယူနိုက်တက်အသင်းက ဂိုးထပ်မံသွင်းယူနိုင်ရန် ကြိုးပမ်းလာပြီး ၅၂ မိနစ်တွင် သော်တာနှင်း၊ ၆၅ မိနစ်တွင် စန္ဒာအောင်တို့က အနိုင်ဂိုးများသွင်းယူခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးကစားသမားဆု (AYA Pay player of the Match) ကို ရှမ်းယူနိုက်တက်အသင်း ခေါင်းဆောင် နန်းဖြူဖြူသွယ်ကရရှိပြီး အမှတ်တရဆုနှင့် ဆုကြေးကျပ်ငါးသိန်း ရရှိသည်။

**သတင်း-ကိုညီလေး**
**ဓာတ်ပုံ-စိုးညွန့်သော်**

---

**❂ လျှပ်စစ်ဓာတ်အားမှ**

၂။ ယခုအခါ မသမာသောနည်းလမ်းများကို အသုံးပြု၍ တရားမဝင်ဓာတ်အားရယူသုံးစွဲနေသူများမှ သက်ဆိုင်ရာဌာနအသီးသီးသို့ ဆက်သွယ်အသိပေးလျက်ရှိနေကြပြီဖြစ်ရာ အောက်ပါအတိုင်း ဖြေလျှော့ပေးလျက်ရှိပါသည်-

(က) ဓာတ်အားဖြတ်တောက်ခြင်းမှ ကင်းလွတ်ခွင့်ပြုခြင်း၊

(ခ) ဒဏ်ကြေးငွေကျပ် ၃၀၀,၀၀၀/- တောင်းခံခြင်းမှ ကင်းလွတ်ခွင့်ပြုခြင်း၊

(ဂ) ၂၀၁၄ ခုနှစ်၊ လျှပ်စစ်ဥပဒေနှင့်အညီ တရားစွဲဆိုခြင်းမှ ကင်းလွတ်ခွင့်ပြုခြင်း၊

(ဃ) တရားမဝင် ဓာတ်အားရယူသုံးစွဲမှုများအတွက် လျော်ကြေးငွေတွက်ချက်ရာတွင် မူလသတ်မှတ်ချက်၏ ၅၀ % ကိုသာကောက်ခံခြင်း၊

၃။ လျှပ်စစ်ဓာတ်အား တရားမဝင်ရယူသုံးစွဲမှုများ လျော့နည်းပပျောက်လာသည်နှင့်အမျှ လျှပ်စစ်ဓာတ်အား မရရှိသေးသည့် ပြည်သူများသို့ ပိုမို၍တိုးမြှင့် ဖြန့်ဖြူးပေးနိုင်မည်ဖြစ်ရာ ပြည်သူများအနေဖြင့် ကိုယ်ချင်းစာစိတ်များဖြင့် ပိုမိုပူးပေါင်းဆောင်ရွက်ပေးကြပါရန် အသိပေးမေတ္တာရပ်ခံ အပ်ပါသည်။

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**

# ဟိုတယ်လုပ်ငန်းမှ လူငယ် ၁၈၈ ဦး၊ ခရီးလှည့်လည်ရေးလုပ်ငန်းမှ လူငယ် ၃၄၄ ဦးအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်

ရန်ကုန် ဇူလိုင် ၂၂



ဟိုတယ် အဆောက်အအုံ တည်ဆောက်ခွင့်(၂)ခု၊ ဟိုတယ်လုပ်ငန်းလိုင်စင်(၆)ခု၊ ပြည်ဝင်ခရီးလှည့်လည်ရေးလိုင်စင် ၅၆ ခု၊ ပြည်ပခရီးလှည့်လည်ရေး လိုင်စင်အခု ၃၀ တို့ကို အတည်ပြုပေးနိုင်ခဲ့ပြီး ဟိုတယ်လုပ်ငန်းမှ လူငယ် ၁၈၈ ဦး၊ ခရီးလှည့်လည်ရေးလုပ်ငန်းမှ လူငယ် ၃၄၄ ဦး စုစုပေါင်း လူငယ် ၅၃၂ ဦးအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီး ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ (၂/၂၀၂၆)ကြိမ်မြောက် အစည်းအဝေးမှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီး ဒေသဆိုင်ရာခရီးသွားလုပ်ငန်း ကော်မတီ (၂/၂၀၂၆) ကြိမ်မြောက် အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၄)၌ ကျင်းပခြင်းဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီး ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူ တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ ကော်မတီအတွင်းရေးမှူး ရန်ကုန်တိုင်းဒေသကြီး ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးက ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ (၁/၂၀၂၆) အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု အခြေအနေကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။ **ဖွဲ့ထက်ကို(ပြန်/ဆက်)**

# မြဝတီမြို့၌ KG ကျောင်းသား ကျောင်းသူများအား အာဟာရဖြည့်အစားအစာများ ကျွေးမွေး

မြဝတီ ဇူလိုင် ၂၂

ကရင်ပြည်နယ် မြဝတီမြို့နယ် အမှတ်(၃)ရပ်ကွက် အခြေခံပညာမူလတန်းကျောင်း (စစ်မှုထမ်းဟောင်း)ကျောင်းရှိ KG ကျောင်းသားကျောင်းသူများအား အာဟာရဖြည့်အစားအစာများ ကျွေးမွေး လှူဒါန်းခြင်းကို ယနေ့နံနက် ၁၀ နာရီက ဆောင်ရွက်သည်။

အဆိုပါ မူလတန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ရီရီအောင်နှင့် ဆရာ ဆရာမများ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ကျောင်းအကျိုးတော်ဆောင်များနှင့် ကျောင်းသား မိဘများက ပူးပေါင်း၍ KG ကျောင်းသား ကျောင်းသူ ၅၀ တို့အား ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ညွှန်ကြားသတ်မှတ်ထားသည့် အာဟာရဖြည့်အစားအစာများဖြစ်သည့် ထမင်း၊ ငါးကြော်၊ ကုလားပဲ၊ ကြာဆံကြော်၊ မုန်လာဥနီ၊ ငှက်ပျောသီးတို့ဖြင့် ကျွေးမွေးလှူဒါန်းခဲ့ကြကြောင်း သိရသည်။ **ဆောင်းနှင်းဖြူ(ပြန်/ဆက်)**



# အရှေ့တောင်အာရှအမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ်၏ ဒုတိယအကြိမ် လုပ်ငန်းအဖွဲ့ အစည်းအဝေးနှင့် ဆက်စပ်ဆွေးနွေးပွဲသို့ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ပါဝင်တက်ရောက်




နေပြည်တော် ဇူလိုင် ၂၂

အရှေ့တောင်အာရှ အမျိုးသားလူ့အခွင့်အရေး အဖွဲ့အစည်းများ ဖိုရမ် (Southeast Asia National Human Rights Institutions Forum – SEANF) ၏ ၂၀၂၆ ခုနှစ် ဒုတိယအကြိမ် လုပ်ငန်းအဖွဲ့ အစည်းအဝေးနှင့် ဆက်စပ်ဆွေးနွေးပွဲကို ဖိုရမ်၏ အလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိသည့် မလေးရှားနိုင်ငံ လူ့အခွင့်အရေး ကော်မရှင်က ဦးဆောင်၍ ဇူလိုင်၂၁ ရက်မှ ၂၂ ရက်အထိ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် Hybrid Format ဖြင့် ကျင်းပသည်။

အစည်းအဝေးသို့ ဖိုရမ်အဖွဲ့ဝင်များဖြစ်ကြသည့် မလေးရှား၊ ဖိလစ်ပိုင်၊ ထိုင်းနှင့် တီမောလက်စ်တေနိုင်ငံ လူ့အခွင့်အရေးကော်မရှင်များမှ ကိုယ်စားလှယ်များက In-person တက်ရောက်ခဲ့ကြပြီး အင်ဒိုနီးရှားနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်မှ ကိုယ်စားလှယ်များနှင့် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသည့် ဦးဝင်းလှိုင်ဦးနှင့် ဒေါက်တာ ဆွေဆွေအောင်၊ ကော်မရှင်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံတကာဆက်ဆံရေးဌာနမှ ညွှန်ကြားရေးမှူးနှင့် ရုံးဝန်ထမ်းများက Video Conferencing စနစ်ဖြင့် တက်ရောက်ခဲ့ကြသည်။

အစည်းအဝေး ပထမနေ့တွင် ၂၀၂၆ ခုနှစ် ဧပြီလက ကျင်းပခဲ့သော ဖိုရမ်၏ ပထမအကြိမ် လုပ်ငန်းအဖွဲ့အစည်းအဝေး နောက်ပိုင်းကာလအတွင်း ဖိုရမ်အဖွဲ့ဝင် အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများ၏ ဆောင်ရွက်ချက်များနှင့် တိုးတက်အောင်မြင်မှုများ၊ အရှေ့တောင်အာရှအမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများ ဖိုရမ် (SEANF) ၏ မဟာဗျူဟာစီမံကိန်း (၂၀၂၂–၂၀၂၆) ပါဦးစားပေး ကိစ္စရပ် (၅) ရပ် အကောင်အထည်ဖော်ဆောင်ရွက်ရန် အဓိကတာဝန်ယူထားသော ဖိုရမ်အဖွဲ့ဝင် အမျိုးသား လူ့အခွင့်အရေး ကော်မရှင်များ၏ အကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေများ၊ ဘေးကင်းလုံခြုံမှု၊ သန့်ရှင်းမှု၊ ကျန်းမာရေးနှင့် ရေရှည်တည်တံ့သော သဘာဝပတ်ဝန်းကျင် အခွင့်အရေးဆိုင်ရာ အာဆီယံ ကြေညာစာတမ်းနှင့် ပတ်သက်၍ ဆောင်ရွက်နေမှု အခြေအနေများ၊ အသက်အရွယ်ကြီးရင့်သူများ အခွင့်အရေးနှင့် စပ်လျဉ်း၍ ဥပဒေအရ စည်းနှောင်မှုရှိသော စာချုပ်တစ်ရပ်ဖြစ်ပေါ်ရေးဆောင်ရွက်နေမှု အခြေအနေနှင့် စီးပွားရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ဆောင်ရွက်နေမှု အခြေအနေများ၊ အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများအကြား စုံစမ်းစစ်ဆေးမှု ယန္တရားတစ်ရပ် တည်ထောင်ခြင်းနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များအား ဆွေးနွေးကြသည်။

ထို့နောက် အင်ဒိုနီးရှားနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၊ မလေးရှားနိုင်ငံ လူ့အခွင့်အရေး ကော်မရှင်နှင့် ဖိလစ်ပိုင်နိုင်ငံ လူ့အခွင့်အရေး ကော်မရှင်တို့အကြား နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးချုပ်ဆို၍ ပူးပေါင်းဆောင်ရွက်လျက်ရှိသော Sabah ဒေသရှိ နယ်စပ်ဖြတ်ကျော် ရွှေ့ပြောင်းသွားလာမှု၊ နိုင်ငံမဲ့ဖြစ်မှုနှင့် လူ့အခွင့်အရေးဆိုင်ရာ ပူးတွဲသုတေသနမူဘောင်နှင့် လုပ်ငန်းလမ်းညွှန်ချက်များဆိုင်ရာ သတင်းအချက်အလက်များကို တင်ပြဆွေးနွေးခြင်းများ ပြုလုပ်ခဲ့သည်။

**ဆွေးနွေး**

အစည်းအဝေးတွင် ဖိုရမ်၏ ပထမအကြိမ် လုပ်ငန်းအဖွဲ့ အစည်းအဝေး နောက်ပိုင်းကာလအတွင်း မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ဆောင်ရွက်ချက်များကို ကော်မရှင်အဖွဲ့ဝင် ဦးဝင်းလှိုင်ဦးက ဆွေးနွေးခဲ့သည်။

ယင်းနောက် SEANF ၏ မဟာဗျူဟာစီမံကိန်း (၂၀၂၂–၂၀၂၆) ပါ ဦးစားပေးကိစ္စရပ်များအနက် ကော်မရှင်က ဦးဆောင်အဖွဲ့အစည်းအဖြစ် တာဝန်ယူထားသော ဦးစားပေးကိစ္စရပ် အမှတ်(၂) ဖြစ်သည့် “စီးပွားရေးလုပ်ငန်းများတွင် လူ့အခွင့်အရေး မြှင့်တင်ရန်နှင့် ကာကွယ်ရန်” ကိစ္စရပ်နှင့်စပ်လျဉ်း၍ ကော်မရှင်၏ အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေကို ကော်မရှင်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်းက ဆွေးနွေးခဲ့သည်။

အစည်းအဝေး ဒုတိယနေ့ နံနက်ပိုင်းတွင် ဖိုရမ်၏ (၂၃) ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေး ကျင်းပနိုင်ရေးကိစ္စရပ် အပါအဝင် ဖိုရမ်၏ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ကိုယ်စားလှယ်အဖွဲ့က ဖိုရမ်၏ ၂၀၂၇ ခုနှစ် အလှည့်ကျဥက္ကဋ္ဌတာဝန်ကို မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်က လက်ခံရယူရန် ကိစ္စကို ထည့်သွင်းဆွေးနွေးခဲ့သည်။

မွန်းလွဲပိုင်းတွင် “အရှေ့တောင်အာရှဒေသရှိ ဒုက္ခသည်များနှင့် လူကုန်ကူးမှု ပြဿနာရပ်များနှင့် စပ်လျဉ်းသော ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုအတွက် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများ” ခေါင်းစဉ်ဖြင့် ဖိုရမ်၏ ဆက်စပ်ဆွေးနွေးပွဲတစ်ရပ်ကို ဆက်လက်ကျင်းပသည်။

အဆိုပါ ဆက်စပ်ဆွေးနွေးပွဲတွင် “အရှေ့တောင်အာရှဒေသရှိ ဒုက္ခသည်များနှင့် လူကုန်ကူးမှုဆိုင်ရာအခြေအနေများကိုနားလည်သဘောပေါက်ခြင်း – ဖြစ်ပေါ်စေသော အကြောင်းရင်းများ၊ လက်ရှိဖြစ်ပေါ်နေသော လမ်းကြောင်းများနှင့် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ စိန်ခေါ်မှုများ” နှင့် “ဒုက္ခသည်များနှင့် လူကုန်ကူးခံရသူများအတွက် ကာကွယ်စောင့်ရှောက်မှု ကွာဟချက်များနှင့် တရားမျှတမှုရရှိရေး လက်လှမ်းမီနိုင်မှု” စသည့် ခေါင်းစဉ်များအလိုက် အပြန်အလှန်ဆွေးနွေးခြင်းများ ပြုလုပ်ခဲ့ကြပြီး ကော်မရှင်မှ ပါဝင်ဆွေးနွေးခဲ့သည်။

အရှေ့တောင်အာရှ အမျိုးသားလူ့အခွင့်အရေး အဖွဲ့အစည်းများ ဖိုရမ် ( Southeast Asia National Human Rights Institutions Forum – SEANF ) ကို ၂၀၀၉ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ၂၀၁၂ ခုနှစ်တွင် ဖိုရမ်အဖွဲ့ဝင်အဖြစ် ပါဝင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကြံခင်းမြို့နယ်၌ စားအုန်းဆီရောင်းချပေးနေမှု ကွင်းဆင်းစစ်ဆေး

ကြံခင်း ဇူလိုင် ၂၂

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ်အတွင်းရှိ စားအုန်းဆီအရောင်းဆိုင်များအား မှန်ခြောက်မှန်နှင့်အညီ ရောင်းချစေရေး၊ လက်ဝယ်သိုလှောင်၍ ဈေးနှုန်းမြှင့်တင်ရောင်းချမှု မရှိစေရေးနှင့် စားအုန်းဆီဝယ်ယူခွင့်စာအုပ်ဖြင့် စနစ်တကျရောင်းချမှုရှိ/မရှိတို့ကို ယနေ့ညနေပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် စာသုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ၏ ဦးဆောင်မှုဖြင့် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန မြို့နယ်တာဝန်ခံ ဦးကျော်နိုင်ဝင်း၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ရဲတပ်ဖွဲ့၊ စည်ပင်သာယာရေးအဖွဲ့တို့ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ကြံခင်းမြို့နယ်အတွင်း စားအုန်းဆီလက်ကားကိုယ်စားလှယ်နှစ်ဆိုင်နှင့် လက်လီကိုယ်စားလှယ် ၃၄ ဆိုင်အား ကွင်းဆင်းစစ်ဆေးခဲ့ကြပြီး စားအုန်းဆီသတ်မှတ်ရည်ညွှန်းဈေးတစ်ပိဿာလျှင် ငွေ ၇၈၉၀ ကျပ်ဖြင့် အိမ်ထောင်စုတစ်စုလျှင် ၅၀ ကျပ်သားနှုန်းအား စားအုန်းဆီဝယ်ယူခွင့်စာအုပ်ဖြင့် ရောင်းချပေးနေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **ဖြိုးဝေလင်း(ပြန်/ဆက်)**



# ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင် ၁၇ ထပ် အဆောက်အအုံတစ်လုံးအား စနစ်တကျထပ်မံဖောက်ခွဲဖျက်ဆီး၊ တရားမဝင်လူနေအဆောက်အအုံ ၇၆ လုံး ဖြိုချဖျက်ဆီးပြီးဖြစ်

**နေပြည်တော် ဇူလိုင် ၂၂**

အွန်လိုင်းလိမ်လည်လောင်းကစားမှုများကို အခြေချလုပ်ကိုင်ခဲ့ကြသည့် ကရင်ပြည်နယ် မြဝတီမြို့နယ် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိ တရားမဝင်အဆောက်အအုံများအား အပြီးတိုင် ဖြိုချဖျက်ဆီးခြင်းများနှင့် လုပ်ငန်းလုပ်ဆောင်ရာတွင် အသုံးပြုခဲ့သည့် ပစ္စည်းများအား စနစ်တကျဖျက်ဆီးခြင်းများကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင် ၁၇ ထပ် အဆောက်အအုံတစ်လုံးကို ထပ်မံ၍ စနစ်တကျ ဖောက်ခွဲဖြိုချဖျက်ဆီးခဲ့ကြောင်း သိရသည်။

ရွှေကုက္ကိုလ်နယ်မြေအတွင်း၌ အွန်လိုင်းလိမ်လည် လောင်းကစားလုပ်ငန်းများကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အဆောက်အအုံ ၇၇ လုံးအနက် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၅၇ လုံးနှင့် ဖောက်ခွဲ၍ ဖျက်ဆီးမည့် အဆောက်အအုံ အလုံး ၂၀ ဟူ၍ အဆောက်အအုံအမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ပြီး စနစ်တကျ ဖြိုချဖျက်ဆီးလျက်ရှိရာ ယနေ့တွင် ဖောက်ခွဲ၍ဖျက်ဆီးရန် သတ်မှတ်ထားသည့် အဆောက်အအုံ အလုံး၂၀ အနက် ၁၇ ထပ် အဆောက်အအုံတစ်လုံးကို စနစ်တကျ ထပ်မံဖောက်ခွဲဖျက်ဆီးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များအနေဖြင့် ယနေ့အထိ အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင်အဆောက်အအုံ စုစုပေါင်း ၇၆ လုံးအား စနစ်တကျ ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်းနှင့် ဖျက်ဆီးရန်ကျန်ရှိသည့် တရားမဝင်အဆောက်အအုံတစ်လုံးကိုလည်း ဆက်လက်၍ စနစ်တကျ ဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




ကရင်ပြည်နယ် မြဝတီမြို့နယ် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် တရားမဝင်အဆောက်အအုံအား ဖောက်ခွဲဖျက်ဆီးမှု။



ကရင်ပြည်နယ် မြဝတီမြို့နယ် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် တရားမဝင် ၁၇ ထပ် အဆောက်အအုံ ဖြိုဖျက်ပြီးပုံ။

# ကုန်စည်တင်ဆောင်ရာတွင် သတ်မှတ်အမြင့်ပေထက် ပိုမိုတင်ဆောင်ခြင်းမပြုရန် သတိပေး

**ရန်ကုန် ဇူလိုင် ၂၂**

ကုန်စည်ပို့ဆောင်ရေး လုပ်ငန်းရှင်များနှင့် ယာဉ်မောင်း/ယာဉ်နောက်လိုက်များ အနေဖြင့် ကုန်စည် တင်ဆောင်ရာတွင် သတ်မှတ် အမြင့်ပေထက်ပို၍ တင်ဆောင်ခြင်းမပြုရန်မြန်မာနိုင်ငံ အဝေးပြေး ကုန်စည်ပို့ဆောင်ရေး ဝန်ဆောင်မှု လုပ်ငန်းရှင်များ အသင်းက သတိပေးထားသည်။



ကုန်စည်ပို့ဆောင်ရေးယာဉ်အချို့အားတွေ့ရစဉ်။

မြန်မာနိုင်ငံ အဝေးပြေး ကုန်စည်ပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်းရှင်များ အသင်း၏ ထုတ်ပြန်ချက်အရ ရန်ကုန်တိုင်းဒေသကြီးအတွင်း မေလနှင့် ဇွန်လတို့တွင် ကားခေါင်မိုးပေါ်၌ ဓာတ်လိုက်သေဆုံးခဲ့သည့် ဖြစ်စဉ် နှစ်ခုဖြစ်ပွားခဲ့သည်။

ကုန်တင် ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက် တို့သည် လျှပ်စစ် ဓာတ်အားလိုင်းအောက်တွင် ယာဉ်ရပ်နားပြီး လုပ်ငန်းဆောင်ရွက်ကြရာ လျှပ်စစ်အသိ၊ လျှပ်စစ်သတိနည်းပါးပြီး သတိလက်လွတ် ဆောင်ရွက်ခဲ့ကြခြင်းကြောင့် ဓာတ်လိုက်မှုဖြစ်စဉ်များ ဖြစ်ပွားလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည်။ သို့ဖြစ်ပါ၍ 11 kV ဓာတ်အားလိုင်းနှင့် မြေပြင် အကွာအဝေးသည် ၁၉ ပေရှိပြီး ကုန်တင် သယ်ဆောင်လာသော ယာဉ်သည် သတ်မှတ်အမြင့်ထက် ပိုမိုတင်ဆောင်လာခြင်း၊ ဓာတ်အားလိုင်းအောက်တွင် လုပ်ငန်းများ ဆောင်ရွက်ခဲ့ခြင်းတို့ကြောင့် ဓာတ်လိုက်မှုဖြစ်စဉ်များ ဖြစ်ပွားခဲ့ရခြင်းဖြစ်သည်။ ကုန်စည်ပို့ဆောင်ရေး လုပ်ငန်းရှင်များနှင့် ယာဉ်မောင်း/ ယာဉ်နောက်လိုက်များအနေဖြင့် ကုန်စည်တင်ဆောင်ရာတွင် သတ်မှတ်အမြင့်ပေထက် ပို၍ တင်ဆောင်ခြင်းမပြုဘဲ လျှပ်စစ် အသိ/လျှပ်စစ် သတိဖြင့် ဓာတ်အားလိုင်းများ အောက်တွင် လုပ်ငန်း ဆောင်ရွက်ခြင်းများကို မလုပ်ဆောင်ကြရန်အသိ(သတိ) ပေးထားကြောင်း သိရသည်။

**MT**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသောCRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများကို လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇူလိုင် ၂၂**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သော်လည်း ၂၀၂၆ ခုနှစ် ဇူလိုင် ၂၁ ရက်တွင် အသိပေး ထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက် စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Zaw Zaw Aung" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် အင်တိုင်းကျေးရွာနေ ဇော်ဇော်အောင်(ခ)ဇော်ဇော် အား မွန်းလွဲ ၃ နာရီ ၅၅ မိနစ်တွင် ရမည်းသင်း မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီး ထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြောက်ဥက္ကလာပမြို့နယ်၌ ဥပဒေရေးရာပြည်သူ့စကားဝိုင်း ပြုလုပ်

**ရန်ကုန် ဇူလိုင် ၂၂**

ရန်ကုန် တိုင်းဒေသကြီး မြောက်ဥက္ကလာပ မြို့နယ်၌ ဥပဒေရေးရာ ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို ယနေ့ နံနက်ပိုင်းက အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း ခန်းမ၌ ပြုလုပ်သည်။



ဦးစွာ မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမိုးသူက အမှာစကားပြောကြား ပြီး ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မြမြဝင်းက ပြည်သူ့ စကားဝိုင်း ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်း ပြောကြားသည်။

ဆက်လက်၍မြောက်ဥက္ကလာပ မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး မျိုးအောင်က အင်တာနက် အသုံးပြုပြီး လောင်းကစား ဆောင်ရွက်နေသူ များအား ထိရောက်စွာ ဖော်ထုတ်ဖမ်းဆီး နိုင်ရေး စီစဉ်ဆောင်ရွက်နေမှုများ၊ လူကုန်ကူးမှုဆိုင်ရာ ကိစ္စများ၊ အမှတ်(၃၅) ယာဉ်ထိန်းရဲတပ်ဖွဲ့က တပ်ဖွဲ့စုမှူး ဒုတိယရဲမှူး လှိုင်ဝင်းအောင်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဆိုင်ရာကိစ္စရပ်များနှင့် မြို့နယ် ဥပဒေအရာရှိ ဒေါ်တင်ပိုပိုထွန်းက ပြည်သူများ သိသင့်သိထိုက်သော ဥပဒေဆိုင်ရာ ကိစ္စရပ်များကို ပြောကြားခဲ့ကြောင်း သိရသည်။

**သက်လွင်စိုး(ပြန်/ဆက်)**

# ပြင်ဦးလွင်မြို့နယ် အောင်စံပယ်ရွှေဆိုင်၌ ဓားပြတိုက် လူသတ်မှုကျူးလွန်သူများအား ပြစ်ဒဏ်ချမှတ်

**ပြင်ဦးလွင် ဇူလိုင် ၂၂**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်၌ ၂၀၂၅ ခုနှစ် နိုဝင်ဘာ ၁၂ ရက်တွင် အောင်စံပယ် ရွှေဆိုင်သို့အမျိုးသားနှစ်ဦးရောက်ရှိလာပြီး ဆိုင်အတွင်းရှိ ရွှေထည်ပစ္စည်းများအား လုယက်ယူဆောင်ကာ လုံခြုံရေးဝန်ထမ်းဖြစ်သူ ဦးစိန်ဝင်းအား သေနတ်ဖြင့် ပစ်ခတ်ထွက်ပြေးသွားစဉ် အနီးနားရှိ ပြည်သူများက ဝိုင်းဝန်းဖမ်းဆီးပေးခဲ့သဖြင့် ဒေါ်စံပယ်မြင့်က တရားလိုပြုလုပ်၍ ပြင်ဦးလွင်မြို့မရဲစခန်း၌ ဥပဒေအရ အရေးယူပေးရန် တိုင်တန်းခဲ့သည်။

သို့ဖြစ်ရာ ပြင်ဦးလွင်ခရိုင်တရားရုံးက ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၁၁ ရက်တွင် အမှုအားလက်ခံစစ်ဆေးခဲ့ရာ ၂၀၂၆ခုနှစ် ဇူလိုင် ၁၆ ရက်တွင် ပြင်ဦးလွင်ခရိုင်ရုံးက တရားခံများဖြစ်သည့် အောင်မျိုးနိုင်(ခ)အိစိ၊ မျိုးလင်းထွန်း(ခ)မျိုးကြီး(ခ)သားငယ်၊ စိုင်းကြည်သူ(ခ)ဖက်တီး၊ စန္ဒာဦးနှင့် အောင်ကိုသက်(ခ)ကျင်ဝှက်(ခ)ရာဇာတို့အား ရာဇသတ်ကြီးပုဒ်မ ၃၉၆ အရ မသေမချင်း လည်ပင်းကြိုးကွင်း စွပ်သတ်စေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် KNLA အဖွဲ့နှင့် PDF အမည်ခံအဖွဲ့ဝင် အမျိုးသား ၁၈ ဦးနှင့် အမျိုးသမီး တစ်ဦးတို့သည် လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်

**နေပြည်တော် ဇူလိုင် ၂၂**

နိုင်ငံတော်အစိုးရသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင် ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိသည်။ နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို နားလည်သဘောပေါက်လာသည့် KNLA အဖွဲ့နှင့် PDF အမည်ခံအဖွဲ့ဝင် အမျိုးသား ၁၈ ဦးနှင့် အမျိုးသမီး တစ်ဦး စုစုပေါင်း ၁၉ ဦးတို့သည် လက်နက်၊ ခဲယမ်းများနှင့် အတူ ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်လာကြရာ ကြိုဆိုလက်ခံ၍ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်း အပ်နှံပွဲကို ယနေ့နံနက်ပိုင်းတွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ အေးချမ်းဖြိုးခန်းမ၌ ပြုလုပ်ပြီး တိုင်းမှူးဗိုလ်ချုပ် စိုးကျော်ထက်နှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လာခဲ့ကြသည့် အဖွဲ့ဝင်များနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက နယ်မြေဒေသတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေပုဒ်မများနှင့် ပတ်သက်၍ အသိပညာပေး ရှင်းလင်းပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့နှင့်အတူ ပါရှိလာသည့် MA -1 သေနတ် တစ်လက်၊ MA -4 သေနတ် တစ်လက်၊ M-79 သေနတ် တစ်လက်၊ အီနာဂါဗုံးသီး တစ်လုံး၊ လက်ပစ်ဗုံး သုံးလုံး၊ ၅ ဒသမ ၅၆ မမကျည် ၉၅ တောင့်၊ ကျည်အိမ် လေးခုနှင့် စနက်တံ တစ်ချောင်း တို့ကို လွှဲပြောင်းအပ်နှံရာ တိုင်းမှူးက လက်ခံရယူသည်။ ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများအား မောင်းပြန်ရိုင်ဖယ် သုံးလက်အတွက် ဆုကြေးငွေကျပ် သိန်း ၁၅၀၊ အီနာဂါဗုံးသီး တစ်လုံး အတွက် ဆုကြေးငွေကျပ် ၃ သိန်း၊ လက်ပစ်ဗုံး သုံးလုံးအတွက် ဆုကြေးငွေကျပ် ၉ သိန်းနှင့် အလင်းဝင်ရောက်လာသူ ၁၉ ဦး အား တစ်ဦးလျှင် ဆုကြေးငွေကျပ် ၃ သိန်းစီ ပေးအပ်ကာ ခံဝန်ကတိ လက်မှတ်ရေးထိုးစေပြီး မိဘ အုပ်ထိန်းသူများထံ ပြန်လည် လွှဲပြောင်းအပ်နှံပေးရာ အလင်း ဝင်ရောက်လာသူများ၏ ကိုယ်စား အလင်းဝင်လာသူ တစ်ဦးက ကျေးဇူးတင်စကား ပြန်လည် ပြောကြားသည်။

ထိုသို့ ဥပဒေဘောင်အတွင်း လက်နက်၊ ခဲယမ်းများနှင့်အတူ ပြန်လည်ဝင်ရောက်လာကြသူများ မှာ လက်ပံတန်းမြို့မှ အမျိုးသား တစ်ဦး၊ ပြည်မြို့မှ အမျိုးသား တစ်ဦး၊ ကျောက်တံခါးမြို့မှ အမျိုးသား သုံးဦး၊ ကြို့ပင်ကောက် မြို့မှ အမျိုးသား တစ်ဦး၊ ပေါင်းတည် မြို့မှ အမျိုးသား သုံးဦး၊ ညောင်လေး ပင်မြို့မှ အမျိုးသား ငါးဦးနှင့် အမျိုးသမီး တစ်ဦး၊ နတ်တလင်း မြို့မှ အမျိုးသား တစ်ဦး၊ မင်းလှမြို့ မှ အမျိုးသား နှစ်ဦး၊ ပေါက်ခေါင်း မြို့မှ အမျိုးသား တစ်ဦး စုစုပေါင်း ၁၉ ဦးဖြစ်ကြောင်း သိရသည်။




တောင်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် စိုးကျော်ထက် ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာသူများက အပ်နှံသည့် လက်နက်များကို လက်ခံရယူစဉ်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများ အား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကာ မိဘအုပ်ထိန်း သူများထံသို့ စနစ်တကျပြန်လည် လွှဲအပ်ပေးလျက်ရှိရာ ဥပဒေ ဘောင်အတွင်းသို့ ပြန်လည် ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိ နေသေးကြောင်း သိရပြီး ဥပဒေ ဘောင်အတွင်း ပြန်လည်ဝင်ရောက် လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ် အုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ် သတင်းပေးပို့ လာပါက ကြိုဆိုလက်ခံကာ လိုအပ်သည့် ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်၊ ခဲယမ်းများအတွက် ဆုကြေးငွေများ ပေးအပ်သွားမည် ဖြစ်ကြောင်း သိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများ၏ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်–

၁။ ကျောင်း တက်တုန်းက ကျောင်းအုပ်ကြီးက CDM လုပ်တော့ သူ့တပည့်ဆိုတော့ သူနဲ့ ပါသွားတာ။ ပထမတစ်ခေါက် ထွက်ပြေးတုန်းကတော့ လက်နက် သုံးလက်ပါသွားတယ်။ တစ်ယောက်တည်းပြေးတာ၊ ပြေးတဲ့အချိန်မှာ



KNU ဂိတ်တွေက အများကြီးပဲ။ ကိုယ်က တောလမ်းကနေ ပတ်၊ တစ်ခါပတ်လည်း ဂိတ်ပြန်ရောက်၊ နှစ်ခါပတ်လည်း ဂိတ်ပြန်ရောက်နဲ့ ပြန်မိသွားတာ။ ဟိုရောက် သွားလို့ရှိရင် သူတို့က ငါတို့ကို မှားခေါ်တာလား၊ ငါတို့ကို ထုမှာလား၊ ထောင်းမှာလား၊ ဒီထဲရောက်လာတဲ့အချိန်မှာတော့ ကိုယ်ထင်ထားသလို မဟုတ်ဘူး။ ကိုယ့်အပေါ် အများကြီးကောင်းခဲ့ တယ်။ အများကြီး နားလည်မှု ပေးကြတယ်။ အခုလက်ရှိ ကျန်ခဲ့တဲ့ ရဲဘော်တွေကတော့ ကျွန်တော့်ကို အခုကြည့်နေတယ် ဆိုရင် လာခဲ့ကြပါလို့ပဲ ဖိတ်ခေါ်ချင် ပါတယ်။

၂။ ရောက်ရှိခဲ့တဲ့ အဖွဲ့အစည်း ကတော့ KNU တပ်မဟာ(၃) ပါ။ အသက်ကတော့ အခုမှ ၂၀ ပြည့်တာပါ။ အားကစားသိပ္ပံ တက်မယ်ဆိုပြီးတော့ သူငယ်ချင်း တွေရဲ့ ဆွယ်မှုကြောင့် ဟိုဘက်ထဲ ရောက်သွားတယ်။ ရောက်ပြီးတော့ ကိုယ်ဖြစ်ချင်တဲ့အရာနဲ့ လုံးဝ ဆန့်ကျင်ဘက်ကြီး ဖြစ်သွားတာ။ လှူတဲ့ပိုက်ဆံတွေ၊ ရတဲ့ပိုက်ဆံ တွေကတော့ ဘာတွေဝယ်တယ်။ ဘာတွေလုပ်လဲတော့ မသိဘူး။ လစာမရှိဘူး။ ပထမ တစ်နှစ် ဖာပွန်မသွားခင်မှာကတည်းက စိတ်ကုန်တာ၊ စိတ်ပျက်တာ။ ဒါပေမဲ့ ပြန်လာဖို့ကျတော့ အခွင့်အလမ်း မရခဲ့တဲ့အတွက် အချိန်တွေ နည်းနည်းလေး ကြာသွားခဲ့တယ်။ အခု ဒီနောက် ပိုင်းမှာ ချိတ်ဆက်ပြီး ဒီဘက်ကို ပြန်ပြီး အခြေချခဲ့တာ။ ဒီဘက် ကတော့ ကိုယ်လုံးဝမထင်ထားတဲ့ အရာမျိုးနဲ့ ကြိုဆိုတာ။ အလွန် လည်းဝမ်းသာပါတယ်။ ဒီလိုမျိုး ကြိုဆိုမှုအတွက် ကျေးဇူးလည်း တင်ပါတယ်။ ပြောမပြတတ် လောက်အောင် ပျော်ပါတယ်။ ကိုယ့်မိသားစုနဲ့ကိုယ် အတူပြန်နေ ရတယ်။ ကိုယ်လုံးဝရည်မှန်းထား တဲ့အရာကိုလည်း ပြန်ပြီးတော့ ဖြည့်ဆည်းလို့ရတယ်။ တိုက်တွန်း



ချင်တာကတော့ ဦးနှောက်ပါတဲ့ လူတစ်ယောက်ကတော့ ဒီအရာ ကို ဘယ်လိုတွေးတယ်။ ဘယ်လို လုပ်လဲ။ ဘယ်လိုဖြတ်သန်းရလဲ ဆိုတာကို ဆုံးဖြတ်လို့ ရတယ်။ တစ်ဖက်လူရဲ့ တွန်းအားပေးမှု ကြောင့် သူများလုပ်တဲ့အတိုင်း လိုက်မလုပ်ဖို့လည်း ပြောချင်ပါ တယ်။ ကျွန်တော် ဒီကနေပြီးတော့ ဖိတ်ခေါ်ပါတယ်။

**သတင်းစဉ်**

# မြိတ်မြို့၌ ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲ ကျင်းပ



**မြိတ် ဇူလိုင် ၂၂**

တနင်္သာရီ တိုင်းဒေသကြီး မြိတ်မြို့ သန့်ရှင်းသာယာလှပဖို့ အမှိုက်ပြဿနာ ဝိုင်းရှင်းစို့ ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း ဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီက ပုလဲရတနာခန်းမ၌ ကျင်းပရာ လွှတ်တော်ကိုယ်စား လှယ်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိ သူများနှင့်ပြည်သူများ တက်ရောက် ဆွေးနွေးကြသည်။

ပြည်သူ့စကားဝိုင်း၌ မြို့နယ်စီမံ ခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးပြည်ဟိန်း ကျော်က အမှိုက်စီမံခန့်ခွဲမှုဆိုင်ရာ နည်းလမ်းများနှင့် အစီအစဉ်များ ကိုရှင်းလင်းပြောကြားပြီး ပြန်ကြား ရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လက်ထောက်ညွှန်ကြား ရေးမှူး ဒေါ်မေဇင်ဦးက ပြည်သူ့ စကားဝိုင်း ကျင်းပရခြင်းရည်ရွယ် ချက်များကို ရှင်းလင်းပြောကြား သည်။

ဆွေးနွေးပွဲတွင် မြိတ်မြို့ သန့်ရှင်း သာယာရေး၊ အမှိုက်ကြောင့် ဖြစ်ပွားနိုင်သော ကျန်းမာရေး ပြဿနာများ၊ ပတ်ဝန်းကျင်ထိခိုက် မှုမရှိစေရန် စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှုအစီအစဉ်များ၊ အမှိုက် သိမ်းဆည်းရေးစနစ် ယခုထက် ပိုမိုစနစ်ကျကောင်းမွန်ရေး၊ ရေနုတ် မြောင်းများ ရေစီးရေလာကောင်းမွန် ရေး၊ အမှိုက်ကားများဖြင့် ပြည်သူ များ အမှိုက်စွန့်ပစ်ရာတွင် အဆင်ပြေစေရေးနှင့် စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်မှုမရှိစေရေး၊ ဆောင် ရွက်လျက်ရှိသည့် အမှိုက်သိမ်းစနစ် အားနည်းချက်များ၊ လိုအပ်ချက် များနှင့် အမှိုက်သိမ်းစနစ် ပိုမို ကောင်းမွန်ရန် ဆောင်ရွက်သင့် သည်များကို ဆွေးနွေးကြကြောင်း သိရသည်။

**ခိုင်ထူး(ပြန်/ဆက်)**

**ပဲခူးတိုင်းဒေသကြီး ပြည်မြို့ မြို့မဈေးကြီး၊ အောင်မင်္ဂလာ ဈေး၊ ကိုးသောင်းဈေးနှင့် မြို့သစ် ဈေးများတွင် ကုန်ဈေးနှုန်း တည်ငြိမ်ရေးအတွက် တိုင်းရင်း ကြက်နှင့် အသားစားကြက်များ ကို သက်သာသော ဈေးနှုန်းဖြင့် နေ့စဉ်ရောင်းချပေးလျက်ရှိစဉ်။**

ခရိုင်(ပြန်/ဆက်)






**ကျောက်တံတား မြို့နယ်၌ ကျောင်းသား ကျောင်းသူများ အား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ထုတ်ပေးခြင်းကို ဇူလိုင် ၂၂ ရက် မွန်းလွဲပိုင်းက လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီး မှူးနှင့် ဝန်ထမ်းများက အထက (ကျောက်တံတား)စကားဝါခန်းမ ၌ ကွင်းဆင်းဆောင်ရွက်စဉ်။**

မြို့နယ်(ပြန်/ဆက်)

# ချင်းပြည်နယ်ဝန်ကြီးချုပ် ချင်းပြည်နယ်လူငယ်ရေးရာကော်မတီ အစည်းအဝေးတက်ရောက်

ဟားခါး ဇူလိုင် ၂၂

ချင်းပြည်နယ်လူငယ်ရေးရာကော်မတီ အစည်းအဝေးကို ယမန်နေ့ မွန်းလွဲ ၁ နာရီက ဟားခါးမြို့ ချင်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ချင်းပြည်နယ်လူငယ်ရေးရာကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ ဝုန်ဆွန်းထန်က အမှာစကား ပြောကြားပြီး ချင်းပြည်နယ် လူငယ်ရေးရာကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးစိန်ထွန်းလှက နေပြည်တော်၌ ကျင်းပမည့် လူငယ်ရေးရာပွဲတော်သို့ ချင်းပြည်နယ်ကိုယ်စားပြုလူငယ်များ သွားရောက်ရန် ဆောင်ရွက်ထားရှိမှုနှင့် ချင်းပြည်နယ် လူငယ်ရေးရာ ကော်မတီ၏ ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို ရှင်းလင်းတင်ပြသည်။



ယင်းနောက် တက်ရောက်လာကြသူများက ကော်မတီ၏လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်ရမည့်အစီအမံများကို ရှင်းလင်းတင်ပြရာ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူးတို့က အကြံပြုဆွေးနွေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

ခရိုင် (ပြန်/ဆက်)

# ဒလမြို့နယ်၌ မိုးရာသီသစ်ပင်စိုက်ပျိုး

ရန်ကုန် ဇူလိုင် ၂၂

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၉ နာရီက သပြေကုန်းကျေးရွာအုပ်စု ဒလ-ခနုတ်ကား လမ်းဘေးဝဲ/ယာ ၌ ကျင်းပသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ဆွေဆွေဝင်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုင်းအောင်မြတ်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကျောင်းသား ကျောင်းသူများနှင့် ပြည်သူများက စုစုပေါင်း အပင် ၁၀၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြသည်။ ခင်စန္ဒာမြင့် (ပြန်/ဆက်)



# မိုးညှင်းမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများအတွက် မြေဩဇာအိတ်များနှင့် ဟင်းသီးဟင်းရွက်မျိုးစေ့အိတ်များ ပေးအပ်

မိုးညှင်း ဇူလိုင် ၂၂

ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် ယနေ့နံနက်ပိုင်းတွင် မိုးညှင်းမြို့နယ် ပင်းဟဲကျေးရွာအုပ်စုမှ တောင်သူများနှင့် သွားရောက်တွေ့ဆုံပြီး တာဝန်ရှိသူများနှင့်အတူ မိုးပဲပုပ်သီးနှံမျိုးစေ့အိတ်များ၊ သဘာဝမြေဩဇာနှင့် ယူရီးယားဓာတ်မြေဩဇာအိတ်များ၊ ရွက်ဖျန်းမြေဩဇာအိတ်များ၊ ဟင်းသီးဟင်းရွက်မျိုးစေ့အိတ်များကို ပေးအပ်သည်။

ထို့နောက် ဒေသခံတောင်သူ ဦးကျော်လင်း၏ မိုးစပါးစိုက်ခင်းအတွင်း သဘာဝမြေဩဇာနှင့် ယူရီးယားဓာတ်မြေဩဇာ အချိုးကျရောစပ်ကြဲပက်ခြင်း တောင်သူအသိပညာပေး ကွင်းသရုပ်ပြသမှု၊ နားခါရပ်ကွက် မြို့နယ်စိုက်ပျိုးရေးပညာပေး ရှေ့တန်းစခန်း၌ ပြည်နယ်အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့်ယူရီးယားဓာတ်မြေဩဇာအား သက်သာသော ဈေးနှုန်းဖြင့် ရောင်းချနေမှု၊ မိုးညှင်းမြို့ အုတ်ကျင်းရပ်ကွက် အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်း၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မိုးညှင်းမြို့နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများက ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် UID ထုတ်ပေးနေမှု၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ကျေးရွာမြေငှားဂရန်ပေးအပ်မှု အခြေအနေကို ကြည့်ရှုအားပေးသည်။



ယင်းနောက် ကချင်ရိုးရာမနောကွင်းအတွင်းမှ ယာယီနေရပ်စွန့်ခွာ အိမ်ထောင်စုများအား သွားရောက် တွေ့ဆုံအားပေးစကားပြောကြားပြီး စခန်းရှိ အိမ်ထောင်စု ၁၀၄ စုအတွက် ဆန် ၂၄ ပြည်ပါ အိတ် ၁၀၄ အိတ်နှင့် ဆီ ၁၀၄ ပိဿာတို့ကို ထောက်ပံ့ပေးအပ်ကာ စခန်းနေမိသားစုများအတွက် ရေစင်နှင့် ရေတင်စက်တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ ပြည်နယ်(ပြန်/ဆက်)

# ရေပဒေသာစပါးမျိုးစိုက်ပျိုးနေမှု ကြည့်ရှုအားပေး

ကျောက်ဆည် ဇူလိုင် ၂၂

ကျောက်ဆည်မြို့နယ် ငါးလုံကုန်းကျေးရွာ ငါးလုံကုန်း စိုက်ပျိုးရေးနှင့် အထွေထွေသမအသင်းသားတောင်သူ ဦးအောင်ဝင်း၏ ရေပဒေသာ စပါးမျိုးမိုးစပါး စိုက်ပျိုးနေမှုကို ယမန်နေ့တွင် တာဝန်ရှိသူများက ကြည့်ရှုအားပေးသည်။

ဦးစွာ မန္တလေးတိုင်းဒေသကြီးသမဝါယမဦးစီးဌာနမှလက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဝင်းက အမှာစကားပြောကြားပြီး ရေမင်းမိုးစပါး လေးဧကကို ကောက်စိုက်သမများဖြင့် စိုက်ပျိုးနေမှုများကို ကြည့်ရှုအားပေးသည်။

ကျောက်ဆည်မြို့နယ်တွင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် မိုးစပါး ၅၂၈၁၇ ဧက လျာထားစိုက်ပျိုးလျက်ရှိပြီး မြို့နယ်သမဝါယမအသင်း ၁၆ သင်းမှ အသင်းသားတောင်သူများက မိုးစပါးဧက ၂၀၀၀ ပူးပေါင်းစိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။ **သက်မောင်(ကျောက်ဆည်)**



# ရန်ကုန်နည်းပညာတက္ကသိုလ်၌ လူငယ်စကားဝိုင်းကျင်းပ

ရန်ကုန် ဇူလိုင် ၂၂

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ရန်ကုန်နည်းပညာတက္ကသိုလ်တို့ ပူးပေါင်းကာ လူငယ်စကားဝိုင်းကို ယနေ့နံနက်ပိုင်းက ရန်ကုန်နည်းပညာတက္ကသိုလ် စုဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ရန်ကုန်နည်းပညာတက္ကသိုလ် ပါမောက္ခချုပ်ဒေါက်တာလှမျိုးထွန်းက အမှာစကား ပြောကြားပြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးသူရိန်လင်းက မုဒိတာစကားများ ပြောကြားသည်။

ဆက်လက်၍ လူငယ်စကားဝိုင်းကို အင်းစိန်ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မေသန္တာက ဦးဆောင်ဆွေးနွေးသူနှင့် ရန်ကုန်နည်းပညာတက္ကသိုလ် မြန်မာစာဌာန ကထိကဒေါ်နီလာတင့်က တွဲဖက်ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ပြီး ကျောင်းသား/ ကျောင်းသူ ခြောက်ဦးတို့က လူငယ်နှင့်နည်းပညာ၊ လူငယ်နှင့်စာပေ၊ လူငယ်နှင့်အားကစား၊ လူငယ်နှင့်ကျန်းမာရေး၊ လူငယ်နှင့် ပညာရေး၊ လူငယ်နှင့်စာရိတ္တ ခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့ကြောင်း သိရသည်။



ဇင်မင်းထိုက်(ပြန်/ဆက်)

ဇူလိုင် ၂၁ ရက်ကအလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးခုံသမာဓိကောင်စီစုံညီအစည်းအဝေးကိုယင်းရုံးတွင်ပြုလုပ်ရာဝန်ကြီးဌာန၊အလုပ်ရှင်၊အလုပ်သမားကိုယ်စားလှယ်များနှင့်ခုံသမာဓိကောင်စီဝင်ကိုးဦးတို့တက်ရောက်ပြီးအလုပ်သမားဝန်ကြီးဌာန ကိုယ်စားလှယ် ခုံသမာဓိကောင်စီဝင် ဦးထင်ဇော်လတ်က ဆောင်ရွက်ပြီးဆွေးနွေးစဉ်။ သျှင်ဝင်းသျှင်





# အငြိမ်းစားဝန်ထမ်းများအား အခြေခံစားသောက်ကုန်များကို သက်သာသောဈေးနှုန်းဖြင့်ရောင်းချပေး

လပွတ္တာ ဇူလိုင် ၂၂

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ် အမှတ်(၄)ရပ်ကွက်ရှိ မြန်မာ့စီးပွားရေးဘဏ်ခွဲတွင် ယမန်နေ့နံနက် ၇ နာရီခွဲက အငြိမ်းစားဝန်ထမ်းများအား အခြေခံစားသောက်ကုန်များကို သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

ယင်းသို့ ရောင်းချပေးရာတွင် အခြေခံစားသောက်ကုန်များဖြစ်သည့် ဆန်တစ်ပြည်လျှင် ငွေကျပ် ၂၅၀၀ ၊ ဆီ ၅၀ ကျပ်သားလျှင် ငွေကျပ် ၄၂၀၀ ၊ ကြက်ဥ ၁၀ လုံးလျှင် ငွေကျပ် ၅၀၀၀ နှင့် ဝက်သား ၂၅ ကျပ်သားလျှင် ငွေကျပ် ၅၀၀၀ နှုန်းတို့ဖြင့် ပင်စင်စားဝန်ထမ်း ၄၀၀ တို့အား သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# အုတ်တွင်းမြို့နယ်၌ စိုက်ပျိုးစရိတ်ပေးအပ်ပွဲအခမ်းအနား ကျင်းပ

အုတ်တွင်း ဇူလိုင် ၂၂

စိုက်ပျိုး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်တို့၏ ဦးဆောင်လမ်းညွှန်မှုဖြင့် Rice Export Zone စီမံချက်အား MMKH Company နှင့် Wing Dragon Myanmar Company တို့ ပူးပေါင်း၍ ၂၀၂၆-၂၀၂၇ ခုနှစ် မိုးစပါးစိုက်ပျိုးမည့် တောင်သူများအား စိုက်ပျိုးရေးစရိတ် ပေးအပ်ပွဲကို ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် ကြယ်နီဆန်စက်၌ ယမန်နေ့နံနက် ၁၁ နာရီက ကျင်းပသည်။



ဦးစွာ တောင်ငူခရိုင်အဆင့် Rice Export Zone လုပ်ငန်း ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးစောထွန်းဦးက အမှာစကား ပြောကြားပြီး Rice Export Zone လုပ်ငန်း ကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး ဦးသန်းကိုက စိုက်ပျိုးစရိတ် ပေးအပ်ခြင်းနှင့် လုပ်ငန်း ဆောင်ရွက်ရသည့် ရည်ရွယ်ချက်များကို ရှင်းလင်း ပြောကြားသည်။

ထို့နောက် မြို့နယ်အဆင့် Rice Export Zone လုပ်ငန်း ကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးအောင်ရဲဇော်က Rice Export Zone ဆောင်ရွက်ရာတွင် Exporter နှင့် တောင်သူများအကြား စိုက်ပျိုးရေးဦးစီးဌာနမှ ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားပြီး တောင်သူများအား စိုက်ပျိုးစရိတ်များကို တာဝန်ရှိသူများက ပေးအပ်ခဲ့ကြောင်း သိရသည်။

ခင်ခင်မာ(ပြန်/ဆက်)

# မိုးနဲမြို့၌ နှင်းမြို့တော် ငွေစုငွေချေး ချေးသမဝါယမအသင်းလီမိတက် အမှုဆောင်သစ်ရွေးချယ်

မိုးနဲ ဇူလိုင် ၂၂

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ် နှင်းမြို့တော် ငွေစုငွေချေးချေးသမဝါယမ အသင်းလီမိတက်၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် အသင်းအမှုဆောင်သစ် ရွေးချယ်ပွဲကို ယနေ့ နံနက်ပိုင်းက မြို့နယ်သမဝါယမအစည်းအဝေး ခန်းမ၌ ကျင်းပသည်။

ဦးစွာ သဘာပတိအသင်းဥက္ကဋ္ဌ ဦးထွန်းလှိုင်က အမှာစကားပြောကြားပြီး မြို့နယ်သမဝါယမ ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ယဉ်ယဉ်ထွေးက အသင်းနှင့်စပ်လျဉ်းသည့် ပြင်ဆင်သည့် ဥပဒေ၊ နည်းဥပဒေများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ နှစ်ချုပ်ဘဏ္ဍာရေးရှင်းတမ်းများ၊ အမှုဆောင်အဖွဲ့၏ အစီရင်ခံစာနှင့် အသင်းသား စာရင်းစစ်အစီရင်ခံစာများကို တာဝန်ရှိသူများက ဖတ်ကြားအတည်ပြုခြင်း၊ အမှုဆောင်သစ်ရွေးချယ်ခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **မျိုးညွန့်ရွှေ(မိုးနဲ)**



# စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံကျောင်း(သထုံ)၌ လူငယ်ရေးရာ အသိပညာပေးဟောပြော

သထုံ ဇူလိုင် ၂၂

မွန်ပြည်နယ် သထုံမြို့နယ်တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံကျောင်း(သထုံ) တို့ပူးပေါင်း၍ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကို ယနေ့တွင် မြေနီကုန်းကျေးရွာရှိ အဆိုပါကျောင်းခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲတွင် ဒုတိယကျောင်းအုပ်(သင်ကြားရေး) ဒေါ်တင်တင်မော်က ပြုလုပ်ပေးရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှလှဌေးနှင့် မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ရွှေထုံခင်သီတာလှိုင်တို့က အသိပညာပေးဟောပြောခဲ့ကြသည်။

ထို့နောက် စာအုပ်စာစောင်များ၊ သိမှတ်ဖွယ်ရာ နံရံကပ်စာစောင်များကို ခင်းကျင်းပြသထားရာ ဟောပြောပွဲသို့ တက်ရောက်လာကြသည့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက ကြည့်ရှုလေ့လာမှတ်သားခဲ့ကြကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# ဝေါမြို့နယ်၌ ရေဘေးကာကွယ်ရေး သရုပ်ပြဇာတ်တိုက်လေ့ကျင့်

ဝေါ ဇူလိုင် ၂၂

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ကျင်းပသည့် မိုးရာသီ ရေဘေးကာကွယ်ရေး သရုပ်ပြဇာတ်တိုက်လေ့ကျင့်ခြင်းကို ကျွဲတဲစုကျေးရွာ မိုးယွန်းကြီး-ဖွဲ့ဘတ်တာ တာမိုင် (၈/၆) မိုးယွန်းကြီးရေပို့လွှဲအနီး၌ ယနေ့တွင် ကျင်းပသည်။

ဦးစွာ မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးသန့်ဇင်အောင်က ရေဘေးကာကွယ်ရေးနှင့် သတိပြုရမည့်အချက်များကို တက်ရောက်လာသူများအား ရှင်းလင်းဆွေးနွေးပြီး ရေးဘေးကာကွယ်ရေးသရုပ်ပြခြင်းနှင့် ဇာတ်တိုက်လေ့ကျင့်ခြင်းများကို လက်တွေ့ပြသရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသက်တိုးဝင်း၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တာအကျိုးပြုဧရိယာအတွင်းရှိ ကျေးရွာများမှ ပြည်သူများက ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# ကော့မှူးမြို့နယ်၌ အခြေခံစက်ချုပ်သင်တန်းဆင်း

ကော့မှူး ဇူလိုင် ၂၂

ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် သမင်ခြံကျေးရွာတွင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ကျေးလက်နေမိသားစု



ဝင်ငွေတိုးရေးစီမံကိန်း စက်ချုပ်နည်းပညာသင်တန်းဆင်းပွဲကို ယမန်နေ့က သမင်ခြံကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် တွံတေးခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးညွန့်နွယ်က အမှာစကားပြောကြားပြီး တွံတေးခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက သင်တန်းသူများအား သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်ကာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးမင်းက သင်တန်းသူများအား သင်တန်းထွက်ကုန်ပစ္စည်းများ ပေးအပ်သည်။

ဆက်လက်၍ တွံတေးခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဇာဇာယမင်းဦး၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ချိုမျိုးထိုက်နှင့် အဖွဲ့ဝင်များက သင်တန်းဆရာမအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ပြီး သင်တန်းသူများအား သင်တန်းထွက်ကုန်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **ကျော်သူရ(ကော့မှူး)**



(၆၂) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အမြန်လမ်းမကြီးရဲတပ်ဖွဲ့ ပန်းတင်အမြန်လမ်းရဲစခန်းမှူး ရဲအုပ်ဝင်းဗိုလ် ဦးစီးသော ရဲစခန်း၊ ရဲကင်းစခန်းမှ ရဲတပ်ဖွဲ့ဝင်များ၊ ရဲမေများ စုပေါင်း၍ ဇူလိုင် ၂၁ ရက် နံနက်ပိုင်းက ပန်းတင်ကျေးရွာ ဝေဠုဝန်ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း စုပေါင်းသန့်ရှင်းရေး ပြုလုပ်စဉ်။ ကိုရဲ



ရောဝတီတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက၊ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ကျောင်းကုန်းမြို့ အမှတ်(၄)ရပ်ကွက် သာသနာ့နွယ်သိင်္ဂီစာသင်တိုက်မှ သီလရှင်ဆရာကြီး၊ ဆရာလေး ၂၈ ပါးတို့အတွက် ဝတ္ထုငွေကျပ် တစ်သိန်း၊ ဆန်ငါးအိတ်၊ ဆီပိဿာ ၄၀၊ ကြက်သွန်နီပိဿာ ၃၀၊ ကြက်ဥအလုံး ၃၀၀၊ ကြာဆံ ၁၀ ထုပ်၊ အဝတ်လျှော်ဆပ်ပြာ ၁၀ တုံးတို့ကို ဇူလိုင် ၂၁ ရက်က လှူဒါန်းစဉ်။ ဝင်းကြိုင်(ပြန်/ဆက်)



လမ်းဦးစီးဌာနနှင့် သစ်တောဦးစီးဌာနတို့ ပူးပေါင်းကာ ၂၀၂၆ခုနှစ် မြို့နယ်အဆင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို လှည်းကူးမြို့နယ် ဒါးပိန်-သပြု ချဉ်းကပ်လမ်း လမ်းဘေးဝဲ/ယာ တစ်လျှောက်၌ ဇူလိုင် ၂၂ ရက်က ကျင်းပရာ စုစုပေါင်းသစ်ပင် ၃၀၀ အား စုပေါင်း စိုက်ပျိုးကြစဉ်။ အိရွှေစင်လတ်

# သာပေါင်းမြို့နယ်၌ စားအုန်းဆီများ ရောင်းချနေမှု ကွင်းဆင်းစစ်ဆေး

သာပေါင်း ဇူလိုင် ၂၂

ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ်၌ သက်ဆိုင်ရာမှ ဖြန့်ဝေပေးထားသော စားအုန်းဆီများကို ဈေးကွက်အတွင်း သတ်မှတ်ရည်ညွှန်းဈေးအတိုင်း ရောင်းချခြင်း ရှိ/မရှိကို ယနေ့နံနက် ၉ နာရီတွင် စားသုံးသူရေးရာဦးစီးဌာန ကုန်ဈေးနှုန်း ထိန်းညှိလျော့ကျရေးကော်မတီ အဖွဲ့ဝင်များက ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး (ခေတ္တ) ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးဦးစိန်ဆန်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ(ယာယီ)၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမိုးသိန်း၊ စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်ညွှန့်၊ စားသုံးသူရေးရာဦးစီးဌာန ဦးစီးအရာရှိ၊ ကုန်ဈေးနှုန်းထိန်းညှိလျော့ကျရေး ကော်မတီအတွင်းရေးမှူး ဦးထွန်းမင်းလတ်တို့က မြို့နယ်အတွင်းရှိ စားအုန်းဆီ လက်လီ၊ လက်ကား ရောင်းချသည့်နေရာများသို့ သွားရောက်စစ်ဆေးခဲ့ကြကြောင်း သိရသည်။ သာပေါင်း(ပြန်/ဆက်)

★ လက်ရွေးစင်မှ

ဦးစွာ ဝဏ္ဏသိဒ္ဓိအားကစားကွင်း လေ့ကျင့်ရေးခန်းမ(၂) ပိုက်ကျော်ခြင်းလေ့ကျင့်ရေးရုံ၌ Gold Camp လက်ရွေးစင်အားကစားသမားများနှင့် Youth Camp မှ လူငယ်အားကစားသမားများ၊ ပိုက်ကျော်ခြင်း အမျိုးသား၊ အမျိုးသမီး အားကစားသမား များနှင့် ကွင်းသွင်းခြင်းခတ် အားကစားသမားများ၏ လေ့ကျင့်နေမှုကိုလည်းကောင်း၊ လေ့ကျင့်ရေးကွင်းအမှတ်(၁)၌ ပြေးခုန်ပစ်အားကစားသမားများ လေ့ကျင့်နေမှုနှင့် ဂျူဒို လေ့ကျင့်ရေးခန်းမ၌ ဂျူဒို အားကစားသမားများ လေ့ကျင့်နေမှုကိုလည်းကောင်း ကြည့်ရှုအားပေးပြီး အားကစားနည်းများအလိုက် အုပ်ချုပ်သူ၊ နည်းပြများနှင့်



အားကစားသမားများအား ရင်းရင်းနှီးနှီးတွေ့ဆုံ အားပေးစကားပြောကြားသည်။(**အပေါ်ပုံ**)

ထို့နောက် နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်းရှိ စားရိပ်သာတွင် အားကစားသမားများအတွက် တစ်နေ့တာလိုအပ်သည့် အာဟာရကယ်လိုရီပမာဏ အတိုင်း အားကစားဆေးဘက်ဆိုင်ရာဆရာဝန်၏ စနစ်တကျ တွက်ချက်၍ ချက်ပြုတ်ကျွေးမွေးလျက်ရှိသည့် အစားအစာများနှင့် အားကစားသမားများ၏ ညနေစာ သုံးဆောင်နေမှုကို ကြည့်ရှုခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# တပ်ကုန်းမြို့၌ အသက် ၄၀ နှစ်နှင့်အထက် အမျိုးသားဘောလုံးပြိုင်ပွဲ ဆက်လက်ယှဉ်ပြိုင်

တပ်ကုန်း ဇူလိုင် ၂၂

ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ်၌ ၂၀၂၆ ခုနှစ် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဖလား အသက် ၄၀ နှစ်နှင့်အထက် အမျိုးသားဘောလုံးပြိုင်ပွဲကျင်းပလျက်ရှိရာ စတုတ္ထပွဲစဉ်ပြိုင်ပွဲကို ဇူလိုင် ၂၂ ရက် မွန်းလွဲ ၃ နာရီခွဲက မြို့နယ်အားကစားကွင်း၌ ဆက်လက်ကျင်းပသည်။

အဆိုပါ အသက် ၄၀ နှစ်နှင့်အထက် အမျိုးသားဘောလုံးပြိုင်ပွဲ စတုတ္ထပွဲစဉ်တွင် ထွေအုပ် King United (FC)အသင်းနှင့် စည်ပင် CGS (FC)အသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ ထွေအုပ် King United (FC) အသင်းက ခုနစ်ဂိုး-သုံးဂိုးဖြင့် အနိုင်ရခဲ့ပြီး ပွဲစဉ်တစ်လျှောက်လုံး အားကစားသမားဆုကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်သူက ထွေအုပ် King United (FC)အသင်းမှ ရှေ့တန်းအားကစားသမား ဦးအောင်ဝင်းဌေးအား ပေးအပ်ချီးမြှင့်သည်။

အဆိုပါဘောလုံးပြိုင်ပွဲတွင် ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့မိမြို့ဖများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ဘောလုံးဝါသနာရှင်များ၊ ဘောလုံးအားကစားသမားဟောင်းများ စုပေါင်းဖွဲ့စည်းထားသည့် ရဲတပ်ဖွဲ့ MPF (FC) အသင်း၊ စည်ပင် CGS (FC) အသင်း၊ လျှပ်စစ် ESD (FC) အသင်း၊ ထွေအုပ် King United (FC)အသင်းတို့ကို ပတ်လည်ယှဉ်ပြိုင်ကစားခဲ့ပြီး ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ဇူလိုင် ၂၈ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**တင်စိုးလွင်**

# ဟင်္သာတမြို့နယ်၌ ဆင်းသုခစပါးမျိုး မိုးစပါးစံပြစိုက်ခင်းထွန်တုံးပိတ်ပွဲ ကျင်းပ

ဟင်္သာတ ဇူလိုင် ၂၂

ဧရာဝတီတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနက ဟင်္သာတမြို့နယ်၏ ၂၀၂၆-၂၀၂၇ ခုနှစ် မိုးစပါးစံပြစိုက်ခင်း ထွန်တုံးပိတ်စိုက်ပျိုးပွဲကို ဇူလိုင် ၂၁ ရက်က နတ်မော်ကျေးရွာအုပ်စု ကရင်စုကျေးရွာ၌ ကျင်းပသည်။

ထွန်တုံးပိတ်စိုက်ပျိုးပွဲကို တောင်သူ ဦးလှစိုး၏ လယ်မြေ ၅ ဧက၊ ဟင်္သာတ-ပုသိမ် ကားလမ်းဘေး၌ပြုလုပ်ရာ ဟင်္သာတခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလှိုင်ထွန်း၊ ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအေးဟန်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်အားပေးကြည့်ရှုကြသည်။ ဆင်းသုခစပါးမျိုး မိုးစပါးစံပြစိုက်ခင်းထွန်တုံးပိတ်ပွဲတွင် ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး



ဒေါ်လှကြည်နှင့် ဘာသာရပ်ဆိုင်ရာ ပညာပေးအဖွဲ့က မျိုးသန့်၊ မျိုးစေ့ထုတ်နှင့် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (GAP) နှင့် တောင်သူများသိလိုသည့်အချက်များကို ရှင်းလင်းဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ပျဉ်းမနားမြို့နယ်၌ ဥပဒေအသိပညာပြန့်ပွားရေး သင်တန်းဖွင့်

ပျဉ်းမနား ဇူလိုင် ၂၂

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ် ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအတွက် ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းကို ယနေ့နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ပျဉ်းမနားခရိုင်တရားရုံး ဒုတိယခရိုင်ဥပဒေအရာရှိ ဒေါ်ခင်မြင့်မွန်က သင်တန်းဖွင့်လှစ်သင်ကြားရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဦးဇော်တူးအောင်က အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းတွင် ပျဉ်းမနားမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူး ၄၉ ဦးအား သင်တန်းနည်းပြများက ဥပဒေအခြေခံအသိပညာ၊ ရာဇသတ်ကြီး၊ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)၊ ရာဇဝတ်ကျင့်ထုံးဥပဒေ၊ လောင်းကစားဥပဒေ၊ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် စီတန်းလှည့်လည်ခြင်းဆိုင်ရာဥပဒေ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သောဆေးဝါးများဆိုင်ရာဥပဒေ၊ နည်းဥပဒေများ၊ ရပ်ကွက်(သို့မဟုတ်) ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေ၊ နည်းဥပဒေများကို ဇူလိုင် ၂၂ ရက်မှ ၂၄ ရက်အထိ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ဝါသနာရှင်နှင့် သက်ကြီးတန်းဂေါက်သီးပြိုင်ပွဲ ဩဂုတ် ၃ ရက်မှ ၆ ရက်အထိ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၂

မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်က ကြီးမှူး၍ SAE PAING Development Ltd နှင့် Phyo Si Thu Teak Plantation (Myanmar) တို့က အဓိကပံ့ပိုးကူညီသည့် ၂၀၂၆ မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ၏ ဝါသနာရှင်အဆင့်နှင့် ဝါသနာရှင်သက်ကြီးတန်းပြိုင်ပွဲများကို ဩဂုတ် ၃ ရက်မှ ၆ ရက်အထိ ရန်ကုန်မြို့ရှိ ရန်ကုန်ဂေါက်ကွင်း(တည်းကုန်း)၌ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲတွင် အမျိုးသားဝါသနာရှင်အဆင့်၌ Handicap 0 မှ 12 အတွင်းရှိ ကစားသမားများ ပါဝင်ယှဉ်ပြိုင်နိုင်မည်ဖြစ်ပြီး ဝါသနာရှင်သက်ကြီးတန်း အမျိုးသားပြိုင်ပွဲ၌ Handicap 0 မှ 18 အတွင်းရှိ အသက် ၅၅ နှစ်မှ ၆၀ နှစ်၊ ၆၁ နှစ်မှ ၆၅ နှစ်နှင့် ၆၆ နှစ်မှ ၇၅ နှစ်အထိ ကစားသမားများကို အသက်အုပ်စုအလိုက် ယှဉ်ပြိုင်ခွင့်ပြုထားသည်။ ယင်းပြိုင်ပွဲကို R&A Rules Limited နှင့် United States Golf Association (USGA) တို့ ပြဋ္ဌာန်းထားသည့် Rules of Golf 2023 နှင့် ပြိုင်ပွဲဒေသန္တရစည်းမျဉ်းများနှင့်အညီ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲဝင်လိုသည့် ကစားသမားများအနေဖြင့် ဩဂုတ် ၁ ရက် မွန်းလွဲ ၂ နာရီ နောက်ဆုံးထား၍ တစ်ဦးလျှင် ပြိုင်ပွဲဝင်ကြေး ငွေကျပ် ၃၀၀၀၀ ပေးသွင်းကာ ၀၉-၄၂၁၀၀၂၂၅၉ သို့ ဆက်သွယ်၍ စာရင်းပေးသွင်းနိုင်သည်။ ယခင်စာရင်းပေးသွင်းထားသူများသည်လည်း မိမိတို့၏စာရင်းကို ပြန်လည်အတည်ပြုရန်လိုအပ်ကြောင်း သိရသည်။ ထို့ပြင် ဝါသနာရှင်အဆင့် ပြိုင်ပွဲဝင်ကစားသမားများသည် မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ် အသိအမှတ်ပြု World Handicap System (WHS) Handicap Index Card နှင့် မိမိအသင်းဝင်ဂေါက်ကလပ်မှ ထုတ်ပေးထားသော Handicap ထောက်ခံစာတို့ကို စာရင်းပေးသွင်းရာတွင် ပူးတွဲတင်ပြရမည်ဖြစ်သည်။

**ချစ်ကိုကို**

✤ မြိတ်မှ

ကျောင်းသား ကျောင်းသူများက ကြည့်ရှုအားပေးကြသည်။ ပြိုင်ပွဲတွင် သမိုင်းအသင်းက အင်္ဂလိပ်စာအသင်းအား နှစ်ပွဲပြတ်ဖြင့် အနိုင်ရရှိသည်။

ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကျင်းပရာ ဒုတိယပါမောက္ခချုပ် ဒေါက်တာခင်မင်းမင်းဖြိုးက ဂုဏ်ပြုအမှာစကားပြောကြားပြီး ပြိုင်ပွဲတစ်လျှောက်တာဝန်ယူဆောင်ရွက်ပေးသော ဒိုင်လူကြီးများအား ဂုဏ်ပြုမှတ်တမ်း၊ ပြိုင်ပွဲအမျိုးအစားအလိုက် တတိယ၊ ဒုတိယနှင့် ပထမရရှိသော အာကစားသမားများအား လည်ဆွဲဆုများ၊ အမျိုးသား/အမျိုးသမီးပြိုင်ပွဲ တံခွန်စိုက်ဆုဖလားရရှိသောအသင်းများအား ဒုတိယပါမောက္ခချုပ်နှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**ခိုင်ထူး(ပြန်/ဆက်)**

❍ MNLမှ

ကွင်းဖွင့်ဖလားပြိုင်ပွဲ ကျင်းပမည်ဖြစ်သည်။ မြန်မာနေရှင်နယ်လိဂ်သည် ရာသီကြို ကွင်းဖွင့်ဖလားပြိုင်ပွဲကို ကာလအတန်ကြာ ကျင်းပနိုင်ခြင်းမရှိရာမှ ယခုရာသီတွင် ပြန်လည်ကျင်းပခြင်းဖြစ်ပြီး ၂၀၁၂ ရာသီမှ ၂၀၂၀ ရာသီအထိ ကိုးရာသီဆက်တိုက် ကျင်းပခဲ့သည်။ ကျင်းပပြီးစီးခဲ့သည့် ကိုးကြိမ်တွင် ရှမ်းယူနိုက်တက်အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းက သုံးကြိမ်စီ၊ ဧရာဝတီအသင်းက နှစ်ကြိမ်၊ မကွေးအသင်းက တစ်ကြိမ် ဗိုလ်စွဲထားသည်။

ရှမ်းယူနိုက်တက်အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းသည် ပြီးခဲ့သည့်ရာသီတွင် သုံးကြိမ်တွေ့ဆုံရာ MNL League Cup ဗိုလ်လုပွဲတွင် ရန်ကုန်ယူနိုက်တက်အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရပြီး အမှတ်ပေးပြိုင်ပွဲ နှစ်ကျော့စလုံး ဂိုးမရှိသရေကျခဲ့သည်။

**သတင်း - ညီမြတ်သော်တာ**
**ဓာတ်ပုံ - စိုးညွန့်သော်**

**အားကစားမြှင့်တင် စိတ်လန်းရွှင်**
**ဆန့်ကျင်မူးယစ်ဆေး**

## လေလံတင်ရောင်းချမည့်ရက်ကြော်ငြာခြင်း

၁။ ရန်ကုန်မြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးမှ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းထားသော Brand New Battery Packing Material, Speaker နှင့် Recon Car Spare Parts များအား လေလံတင်ရောင်းချမည်ဖြစ်ပါ၍ စိတ်ပါဝင်စားသော ပြင်ပပုဂ္ဂိုလ်များသည် လေလံပုံစံများကို တစ်စုံလျှင် ကျပ် ၁၀,၀၀၀/- (ကျပ်တစ်သောင်းတိတိ) ဖြင့် ရန်ကုန်မြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးတွင် ငွေပေးသွင်းပြီး လျှောက်လွှာများအား ဝယ်ယူနိုင်ပါကြောင်း ကြေညာအပ်ပါသည်-

| | | |
|---|---|---|
| လေလံတင်ရောင်းချမည့်ရက် | - | **၃၀ - ၇-၂၀၂၆ ရက် (သောကြာနေ့)** |
| အချိန် | - | **၁၃:၀၀ နာရီ** |
| နေရာ | - | **အကောက်ခွန်ဦးစီးဌာန၊ထောက်ပံ့ရေးနှင့်ပို့ဆောင်ရေးဌာနခွဲ၊အမှတ်(၂)၊စောရန်ပိုင်အနောက်ရပ်ကွက်၊တိုးချဲ့ကမ်းနားလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့** |
| လေလံပုံစံရောင်းချမည့်ရက်/ နေရာ | - | (၂၃-၇-၂၀၂၆မှ၂၈-၇-၂၀၂၆ရက်နေ့အထိ) (ရုံးချိန်အတွင်း) (ရန်ကုန်တိုင်းအကောက်ခွန်ဦးစီးဌာန၊ အမှတ်-၁၃၂၊ ကမ်းနားလမ်း၊ ကျောက်တံတားမြို့နယ်) |

၂။ အသေးစိတ်အချက်အလက်နှင့် လေလံတင်ရောင်းချမည့် ကုန်ပစ္စည်းများအား မျက်မြင်ကြည့်ရှုနိုင်ရန်အတွက် လေလံတင်ရောင်းချမည့် အထက်ပါလိပ်စာအား လူကိုယ်တိုင်သော်လည်းကောင်း၊ တယ်လီဖုန်းအမှတ် (၀၉-၄၃၀၉၂၃၂၉) (၀၉-၈၉၂၂၉၅၃၅၅) (၀၉-၅၁၅၃၀၃၄)သို့လည်းကောင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**အတွင်းရေးမှူး**
**လေလံတင်ရောင်းချရေးအဖွဲ့**
**အကောက်ခွန်ဦးစီးဌာန၊ ရန်ကုန်မြို့။**

## ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် (၄၈)၊ လူနေရပ်ကွက်အမှတ်(၁၉)၊ စံပယ်လမ်း၊ အမှတ် (၆၉၃/က)၊ အကျယ် ပေ(၂၀x၆၀)ရှိ ဦးသန်းဝင်း အမည်ပေါက် မြေချပါမစ်ထွက်ရှိထားသည့် မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

အထက်ဖော်ပြပါလိပ်စာရှိ မြေကွက်အား အဆင့်ဆင့်အရပ်ကတိစာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး အရှုပ်အရှင်းကင်းရှင်းကြောင်းနှင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသူ ဦးအောင်ဆန်းမြိုင် [၅/ညဥန(နိုင်) ၂၃၀၀၉၅]ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးလှမင်းထွန်း [၈/ရစက (နိုင်)၁၅၃၁၇၈]မှ စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်သောကြောင့် ကန့်ကွက်လိုသူ မည်သူမဆို ယနေ့မှစ၍ (၇)ရက်အတွင်း မြေကွက်ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဦးလှမင်းထွန်း**
**[၈/ရစက(နိုင်) ၁၅၃၁၇၈]**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အေးသန္တာစိုး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၅၁၈၀)**
**အမှတ်- ၃၇၄(ခ)၊ ကနောင်ပန်းခြံလမ်း၊ (၈)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။ ဖုန်း- ၀၉-၄၂၀၂၀၄၆၅၄**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ တောင်သူကုန်းရပ်ကွက်၊ မဂ္ဂင်ကျောင်းလမ်း၊ အမှတ်- ၂၄၁(က) ဟုခေါ်တွင်သော မျက်နှာဝ အလျား(၂၅)ပေx အနံ(၄၈)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၁)ထပ်နေအိမ်(၁)လုံးအပါအဝင် လျှပ်စစ်မီတာ၊ ဂျိုးဖြူရေ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ကာ လက်ရှိအကျိုးခံစားလျက်ရှိပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်မူမူမြင့်(ဘ) ဦးသန်းလှိုင်[၁၂/အစန(နိုင်) ၁၁၈၉၉၆] ကိုင်ဆောင်သူထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်မိတ်ဆွေက စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်း(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ခင်သန္တာမြင့်(LL.B)၊ တရားလွှတ်တော်ရှေ့နေ(စဉ်- ၁၇၄၉၉)**
**ရှေ့နေများနားနေခန်း၊ အင်းစိန်မြို့နယ် စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်။**
**ဖုန်း- ၀၉-၄၅၀၂၃၉၆၂၂**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ်(သ-၉)၊ ဦးပိုင်အမှတ်(၂၄)၊ ၆၄x၆၅ လမ်းကြား၊ ၁၁၅x၁၁၆ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်နန်းချိုချိုငြိမ်း [၉/မရမ(နိုင်) ၀၃၀၇၇၆]၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၂၄၅၆/၂၀၁၈) ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်အားချို [၁၃/လရန(နိုင်) ၀၉၆၅၅၀]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ် (ဟ-၈)၊ ဦးပိုင်အမှတ်(၂၉)၊ ၆၅x၆၇ လမ်းကြား၊ ၁၁၆x၁၁၇ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်သန်းစိန် [၉/သစန(နိုင်) ၀၆၈၃၈၄]၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၅၈၀၃/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်မာမာဌေး [၁၀/မဒန(နိုင် ၀၃၈၈၃၆]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကျောက်ဆည်အသင်း(ရန်ကုန်) (၂၄)နှစ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲဖိတ်ကြားလွှာ

ကျောက်ဆည်အသင်း(ရန်ကုန်)၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ကျောက်ဆည် အသင်းဓမ္မာရုံဗိမာန်တော်ကြီးတွင် အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အမှုဆောင်များ၊ အသင်းသူ/အသင်းသားများနှင့် မိသားစုများ စုံညီစွာကြွရောက်ချီးမြှင့်ကြပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

| | | |
|---|---|---|
| ကျင်းပမည့်ရက် | - | ၁၃၈၈ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း(၁၁)ရက်၊ ၂၀၂၆ခုနှစ်၊ ဇူလိုင်လ(၂၅)ရက်(စနေနေ့) |
| ကျင်းပမည့်အချိန် | - | နံနက် ၉:၀၀နာရီ |
| ကျင်းပမည့်နေရာ | - | ကျောက်ဆည်အသင်းဓမ္မာရုံဗိမာန်တော်ကြီး၊ အနောက်ရွှေဂုံတိုင်လမ်းနှင့် ရေတာရှည်လမ်းသစ်ထောင့်၊ ဗဟန်းမြို့နယ်။ (အုတ်လမ်းမှတ်တိုင်)။ |

## "ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၂)၊ မြေကွက်အမှတ် (၃၅၅/၁)/၁၁၃၊ မြေအကျယ် (၄၀'x၆၀')ရှိ အိမ်ခြံမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း"

အထက်ပါအိမ်ခြံမြေ၏ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရောင်းသူသည် အရှုပ်အရှင်းကင်းစွာ ပိုင်ဆိုင်လျက်ရှိပါကြောင်း၊ မရွှေ့မပြောင်းနိုင်သောပစ္စည်းလွှဲပြောင်းခြင်း နည်းလမ်းအရပ်ရပ်ဖြင့် လွှဲပြောင်းပိုင်ခွင့်ရှိသူမှာ မိမိတစ်ဦးတည်းသာဖြစ်ပါကြောင်း မိမိ၏ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ အရှုပ်အရှင်းတစ်စုံတစ်ရာမရှိပါကြောင်း၊ မည်သူကိုမျှ ကြိုတင်လွှဲပြောင်းရောင်းချထားခြင်းတို့မရှိပါကြောင်း ဝန်ခံကတိပြု၍ ရောင်းချသူ **ဦးမြင့်ကျော် [၁၂/သကတ(နိုင်) ၀၃၇၁၁၂]**ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့် ရောင်းချသူသည် ၎င်း၏သဘောဆန္ဒဖြင့် ရောင်းချပိုင်ခွင့်ရှိသူမဟုတ်ပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်း အထောက်အထားမူရင်းတို့ဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်တင်ပြနိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သက်ထားဆွိ (LL.B, D.I.L, Dip in Eng) အထက်တန်းရှေ့နေ (စဉ်-၄၂၈၉၉)**
**အမှတ်(၂၇/မြေညီ), မာလာမြိုင်(၇)လမ်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်။**
**09-972734996, 09-881181988**

## "ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၉)၊ မင်းစုလမ်း၊ မြေကွက်အမှတ်(၂၅၀)၊ ဧရိယာ(၀.၀၅၅)ဧက၊ နှစ်(၆၀)ဂရန် အိမ်ခြံမြေနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း"

အထက်ပါအိမ်ခြံမြေ၏ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရောင်းသူသည် အရှုပ်အရှင်းကင်းစွာ ပိုင်ဆိုင်လျက်ရှိပါကြောင်း၊ မရွှေ့မပြောင်းနိုင်သောပစ္စည်းလွှဲပြောင်းခြင်း နည်းလမ်းအရပ်ရပ်ဖြင့် လွှဲပြောင်းပိုင်ခွင့်ရှိသူမှာ မိမိတစ်ဦးတည်းသာဖြစ်ပါကြောင်း၊ မိမိ၏ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ အရှုပ်အရှင်းတစ်စုံတစ်ရာ မရှိပါကြောင်း၊ မည်သူကိုမျှ ကြိုတင်လွှဲပြောင်းရောင်းချထားခြင်းတို့မရှိပါကြောင်း ဝန်ခံကတိပြု၍ ရောင်းချသူ **ဒေါ်ဆုမြတ်စန္ဒီ [၁၂/ဒဂမ(နိုင်) ၀၂၁၃၆၉]**ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့် ရောင်းချသူသည် ၎င်း၏သဘောဆန္ဒဖြင့် ရောင်းချပိုင်ခွင့်ရှိသူမဟုတ်ပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်း၊ အထောက်အထားမူရင်းတို့ဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်တင်ပြနိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သက်ထားဆွိ (LL.B, D.I.L, Dip in Eng)**
**အထက်တန်းရှေ့နေ (စဉ်- ၄၂၈၉၉)**
**အမှတ်(၂၇/မြေညီ), မာလာမြိုင်(၇)လမ်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်။**
**09-972734996, 09-881181988**

## "ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(၁၀)၊ မြေကွက်အမှတ်(၁၂၅၀/က)၊ မြေဧရိယာ(၁၂၀၀)စတုရန်းပေရှိ **ဒေါ်ကျင်မေ (CG-043384)** အမည်ပေါက် နှစ်(၆၀) အငှားဂရန်မြေနှင့် ယင်းမြေပေါ်ရှိ အမှတ်(၁၂၅၀/က)၊ နွယ်နီ(၃)လမ်း၊ (၁၀/တောင်)ရပ်ကွက်၊ သာကေတမြို့နယ်ဟုခေါ်တွင်သည့် နေအိမ်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မြေအမည်ပေါက်ထံမှ ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ **ဒေါ်ခင်အုန်းသိန်း [၁၂/သကတ (နိုင်) ၀၁၄၄၅၅]**က တရားဝင်ရောင်းချပိုင်ခွင့် အပြည့်အဝရှိကြောင်း တာဝန်ယူဝန်ခံရောင်းချရာ **ဒေါ်လှဲ့လှဲ့ဝင်း [၅/မရန(နိုင်)၀၂၅၄၀၆]**မှ ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်နှင့် ပတ်သက်ပြီး အကျိုးသက်ဆိုင်သူ မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းစုံလင်စွာဖြင့် ကျွန်ုပ်ထံသို့ (၇) ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးအေးမော် (B.Sc, H.G.P, D.B.L, D.A. Psy)**
**အထက်တန်းရှေ့နေ (စဉ် - ၁၈၆၀၉)**
**အမှတ် (၁၂၄)၊ (၅၂)လမ်း၊ (၁) ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၉- ၅၁၄၃၅၈၃၊ ၀၉- ၇၉၅၉၁၃၉၈၄၅**

## ကြော်ငြာစာ

မန္တလေးမြို့၊ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၂)ရပ်ကွက်၊ အကွက်အမှတ်(စ-၁)၊ဦးပိုင်အမှတ်(၇၀)၊၆၇x၆၈လမ်းကြား၊ ၁၀၇x၁၀၈ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးမောင်လေး [၉/မရမ(နိုင်) ၀၇၀၀၂၆]၏ အထူး ကိုယ်စားလှယ်လွှဲစာအမှတ် (၃၃၇၉/၂၀၁၆)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးအောင်ကျော်မြင့် [၁/မကန(နိုင်) ၀၆၅၉၄၄]၊ ဒေါ်ငြိမ်းငြိမ်းဦး [၁/မကန(နိုင်) ၁၀၃၃၁၇]တို့က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်ခရိုင်၊ မဒေါက်မြို့ အထက-မဒေါက်ကျောင်း Grade-12 မှ မဆန်းထက်ထက်အောင်၏ ဖခင်အမည်မှန်မှာ ဦးမျိုးမင်းဝင်း [၇/ညလပ (နိုင်) ၁၄၆၈၆၈ ဖြစ်ပါကြောင်း။

**ဦးမျိုးမင်းဝင်း**
**[၇/ညလပ (နိုင်) ၁၄၆၈၆၈]**

## ဖခင်အမည်မှန်

မွန်ပြည်နယ်၊ ရေးမြို့နယ်၊ မူလတန်းလွန်ကျောင်းအမှတ်(၁)၊ ကျောင်းရွာ၊ Grade (6)မှ မောင်အောင်ချမ်းပြည့်၏ ဖခင်အမည်မှန်မှာ စောခင်မောင်ထွေး [၁၀/ရမန(နိုင်)၁၇၅၉၂၃]ဖြစ်ပါကြောင်း။

**စောခင်မောင်ထွေး**

## "အင်္ဂပူမြို့နယ်အသင်း (ရန်ကုန်/ဌာနေ) (၁၁) ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်ပွဲနှင့် (၅၀)ကြိမ်မြောက် သင်းလုံးကျွတ်အစည်းအဝေး ဖိတ်ကြားခြင်း"

အင်္ဂပူမြို့နယ်ဇာတိတွင် ဖွားမြင်ခဲ့သော အင်္ဂပူမြို့နယ်ဇာတိဖွားများခင်ဗျာ-

၂၆-၇-၂၀၂၆ (တနင်္ဂနွေနေ့) မွန်းလွဲ (၁)နာရီတွင် သုဂတောဓမ္မာရုံ၊ စွယ်တော်မြတ်စေတီဝင်းအတွင်း ရန်ကုန်မြို့တွင် အင်္ဂပူမြို့နယ်ဇာတိဖွား ကျောင်းထိုင်ဆရာတော် အရှင်သူမြတ်များအား (၁၁)ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းမည်ဖြစ်ပြီး (၅၀)ကြိမ်မြောက် သင်းလုံးကျွတ်အစည်းအဝေးကြီးကို ကျင်းပမည်ဖြစ်ပါသောကြောင့် အသင်းသူ/အသင်းသားများနှင့်တကွ အင်္ဂပူမြို့နယ် ဇာတိကို ချစ်မြတ်နိုးသူအားလုံးအား ဖိတ်ကြားအပ်ပါသည်။

**အင်္ဂပူမြို့နယ်အသင်း (အလုပ်အမှုဆောင်အဖွဲ့)**

## ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၀)၊ ဘုရင့်နောင်လမ်း၊ မြေကွက်အမှတ်(၉၃၈/က)၊ အကျယ်အဝန်း (၂၀ ပေ x ၆၀ ပေ)၊ ဧရိယာ(၀.၀၂၇)ဧကရှိ မြေကွက်သက်သက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

အထက်ဖော်ပြပါမြေကွက်အပါအဝင်အကျိုးခံစားခွင့်တို့အား တရားဝင်အမည်ပေါက်ပိုင်ဆိုင်ပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံကတိပြုသူ **ဦးနိုင်အေး (၁၂/ဗဟန (နိုင်) ၀၆၁၉၄၇)**ထံမှ ကျွန်ုပ်၏မိတ်ဆွေ **ဒေါ်အေးဆုမွန် (၁၂/မဂတ(နိုင်)၀၈၅၈၅၄)**ကဝယ်ယူရန် (၂၁-၇-၂၀၂၆)ရက်စွဲပါစရံငွေပေးကတိစာချုပ်ဖြင့်စရန်ငွေအချို့ပေးချေထားပြီးဖြစ်ပါသည်။ ထိုအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါကကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်းစာချုပ်စာတမ်း(မူရင်း)များနှင့်တကွကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီပြီးမြောက်အောင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ -

**ဒေါ်ချစ်သက်ဝေ ( LL.B )**
အထက်တန်းရှေ့နေ (စဉ်-၃၁၀၇၈)
တိုက်-5/B(304)၊ ရတနာမွန်အိမ်ရာ၊(၂)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၈၃၂၃၁၇၅၆၊ ၀၉-၇၈၅၅၅၀၂၆၄

## မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးပါရန် ဒေါ်ဝင်း [၁၂/ဥကမ(နိုင်)၁၃၂၀၉၀]သိစေရန် အကြောင်းကြားခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဠ)ရပ်ကွက်၊ ဣန္ဒာ(၁၁)လမ်း၊ မြေကွက်အမှတ်- ၉၉၉ ဍ၊ အလျား ၂၀ပေx အနံ ၆၀ပေ၊ ဧရိယာ (၁၂၀၀)စတုရန်းပေ ဒေါ်ဝင်း အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေကွက်အား လူကြီးမင်းက အမည်ပေါက်ပိုင်ဆိုင်သောကြောင့် (၂၄-၁၂-၂၀၂၄)ရက်စွဲပါ အိမ်ခြံမြေနှစ်ဦးသဘောတူ အရောင်းအဝယ်ကတိစာချုပ်ချုပ်ဆို၍ ဒေါ်မြမြနှင်း [၁၂/ကမရ(နိုင်)၀၅၄၅၈၈]ထံသို့ လွှဲပြောင်းရောင်းချလက်ရောက်ပေးအပ်ခဲ့ပြီးဖြစ်ပါသော်လည်း စာချုပ်ပါကတိအတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးရန် ကျန်ရှိနေပါသည်။ ထို့ကြောင့် သတင်းစာကြော်ငြာပါသည့်နေ့မှစတင်၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ဆက်သွယ်၍ ဆောင်ရွက်ပေးပါရန် မေတ္တာရပ်ခံအသိပေး အကြောင်းကြားအပ်ပါသည်။ သတ်မှတ်ရက်အတွင်း ဆက်သွယ်ဆောင်ရွက်ခြင်းမရှိပါက မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုနိုင်ပါရန် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

**ဒေါ်မြမြနှင်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝင်းမြမြထွေး (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၀၅၉၇/၃၀-၄-၂၀၁၅)**
**အမှတ်- ၃၄/၄၉၊ ပ-ထပ်၊ အခန်း(၃)၊ Strand Condo၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- 09-254060150**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၆၈/၄)၊ ကမာကြည်လမ်း၊ မြေကွက်အမှတ် (၆၄/က)၊ ဧရိယာ (၁၀ပေx ၆၀ပေ)ရှိ ဦးစိုးမြင့် [၁၂/လကန (နိုင်) ၁၀၇၇၇၉] အမည်ပေါက် မြေကွက်နှင့် ယင်းမြေကွက်ပေါ်၌ ဆောက်လုပ်ထားသော အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိအရောင်းအဝယ်စာချုပ်အဆင့်ဆင့်ဖြင့် လက်ရှိထားဝယ်ယူပိုင်ဆိုင်လျက်ရှိသော ရောင်းချသူ **ဒေါ်စန္ဒာဝင်း [၁၂/သကတ(နိုင်) ၀၆၃၇၂၅]** နှင့် **ဦးငြိမ်းချမ်း**တို့ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ **ဦးမင်းမင်းထွန်း**နှင့် **ဒေါ်ဝင်းမော်**တို့က အရောင်းအဝယ်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါရှိသည့်နေ့မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်မြမြဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၀၀၁၈)**
**အမှတ်- ၅၃၇(ခ)၊ ဥယျာဉ်လမ်း၊ (၁၉) ရပ်ကွက်၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ Ph: 09-783067730**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာ

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ (၁၁)ရပ်ကွက်၊ အနော်ရထာလမ်းနှင့် ဆူးလေဘုရားလမ်းထောင့်၊ မြေကွက်အမှတ် (၇)၊ အကျယ်အဝန်း (၀.၅)ဧကရှိ မြေနှင့်မြေကွက်ပေါ်တွင် GRAND LANDMARK DEVELOPMENT CO.,Ltd မှဆောက်လုပ်ထားသော အဆောက်အဦ၏ (၆)လွှာ အခန်းအမှတ် (၆၀၃)၊ အကျယ်အဝန်း (၁၃၅၅)စတုရန်းပေရှိ တိုက်ခန်း (၁)ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူများဖြစ်သော ဦးဇော်နိုင်ဦး [၁၂/ဗဟန(နိုင်)၀၀၃၃၁၉]နှင့် ဦးသက်နိုင်ဦး [၁၂/ဗဟန(နိုင်)၀၈၂၃၇၂]တို့ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်ဖြူမာဘမောင် [၁၂/ပဘတ(နိုင်)၁၃၂၈၇၇]က ဝယ်ယူရန်အတွက် "နှစ်ဖက်သဘောတူ ကွန်ဒိုမီနီယမ်တိုက်ခန်းအရောင်းအဝယ် ကတိစာချုပ်" ကိုချုပ်ဆို၍ ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ရာ အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဖြူမာဘမောင် ၏ လွှဲအပ်ချက်အရ -**
**ဦးအောင်ဖြိုးလတ် (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၂၀၀၅)**
**အမှတ်(၈၆)၊ ဒုတိယထပ်၊ ၄၉ လမ်း၊ ၁-ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၀၉-၇၇၀၀၅၂၁၈၅**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၃/တိုးချဲ့)၊ ဥသဘုရားလမ်းသွယ်(၁)၊ မြေကွက်အမှတ် (၃၆၄)ဟုခေါ်တွင်သော မြေအလျားxအနံ (၄၀x၆၀)ပေရှိ မြေချပါမစ်မြေကွက်ထဲမှ တရားဝင်မခွဲမစိတ်ရသေးသော ခြေရင်းခြမ်း (၂၀x၆၀)ပေရှိ မြေကွက်နှင့် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား ပါမစ်အမည်ပေါက်ပိုင်ဆိုင်သူ ဦးညွန့် (ISN-၃၂၄၇၉၅)ထံမှ အရောင်းအဝယ်စာချုပ်စာတမ်းအဆက်ဆက်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်သင်းသင်း [၁၂/ဥကတ(နိုင်) ၀၉၄၀၃၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အိကေခိုင်ကျော် [၇/ပခတ(နိုင်)၀၆၄၁၄၀]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းမူရင်းများနှင့်တကွ ယခုကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဝါဝါခိုင် LL.B, D.B.L, D.I.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၂၄၆၅)**
**အမှတ်(၁၁၃၀)၊ (၁၅)လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။ ဖုန်း- ၀၉-၄၂၀၁၀၇၇၁၉**

မြန်မာ့သမိုင်းဆိုင်ရာ သုတနှင့် ရသ အချိုးကျပေါင်းစပ်ထားသည့် စာအုပ်ကောင်းတစ်အုပ်
ဝေလွင်မောင် (အမျိုးသားစာပေဆုရှင်)
# မင်းခယောကျ်ား



- သမိုင်းဇာတ်ခုံပေါ်က လူသားတို့၏ လောကဓံတရားနှင့် လူ့သဘော လူ့မနောတို့ကို ရှုထောင့်အသစ်ဖြင့် သိမြင်ခံစားနိုင်ရန် Gemini AI နှင့်အတူ Thought Partner အဖြစ်ပူးပေါင်း၍ ရေးဖွဲ့ထားခြင်းဖြစ်သည်။
- သမိုင်းသင်ခန်းစာများကို အနာဂတ်အတွက် မျှဝေလမ်းပြသူတို့သည်သာ လူပီသသော လူများဖြစ်ကြသည်။
- 'မင်းခယောကျ်ား'သည် ထိုသို့သော သမိုင်းအမွေကိုပေးစွမ်းနိုင်သည့် လူပီသ၍စာပေဆန်သော စာအုပ်တစ်အုပ် ဖြစ်ပါသည်။

စာမျက်နှာ ၄၀၀ ကျော်၊ တစ်အုပ်လုံး ရောင်စုံစာမျက်နှာ ဝေဝေဆာဆာဖြင့် . . .
ထွက်ပါပြီ

ဖြန့်ချိရေး SMART စာပေ 09 753381244, 09 799632254

၂၂.၇.၂၆ မှစတင်၍ စာအုပ်ဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်ပါပြီ။

ရန်ကုန် - Marketplace ဆိုင်ခွဲများ၊ စာပေဗိမာန်၊ ရာပြည့်၊ WE Distribution၊ စောဦးစာပေ၊ အင်းဝစာအုပ်ဆိုင်များ၊ ကိုလတ်စာပေ၊ ပညာပဒေသာစာပေ၊ မန္တလေး - နဂါးစာပေ၊ စိတ်ကူးချိုချို တို့တွင် ဝယ်ယူရရှိနိုင်ပါသည်။ တန်ဖိုး - ၅၀,၀၀၀ ကျပ်

## ဖခင်အမည်မှန်

မန္တလေးတိုင်း ဒေသကြီး၊ သာစည်မြို့နယ်၊ အထက(ခွဲ) ကြာဘက်ကုန်း Grade-9 တွင် ပညာသင်ကြားနေသော မောင်တင့်ဇော်အောင်၏ ဖခင်အမည်မှန်မှာ ဦးဇော် [၉/သစန(နိုင်)၁၂၇၅၂၁] ဖြစ်ပါကြောင်း။

## ပျောက်ဆုံးကြောင်း

(ဘ) ဦးလှ ငွေ၏ သား ကျွန်တော် မျိုးမင်းသူ [၉/ခမစ(နိုင်)၀၅၆၅၆၅]၏ CDC စာအုပ်အမှတ်-150452 D/R ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-09-266329414**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
**(တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ၂၀)**
**ဒဂုံမြို့သစ်ခရိုင်တရားရုံး**
**၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၁၉**

ဒေါ်သန်းသန်းအေး နှင့် ဦးပေါက်ဖော်
**တရားလို** **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၄)ရပ်ကွက်၊ ရွှေယင်းမာ (၄)လမ်း၊ အမှတ်-၉၆၀ နေ တရားပြိုင် ဦးပေါက်ဖော် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ-၉ အရ မရွှေ့မပြောင်းနိုင်သောပစ္စည်းကို လက်ရောက်ရလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၇ ရက် (၁၃၈၈ ခုနှစ်၊ ဒုတိယဝါဆိုလဆုတ် ၉ ရက်)နေ့ မွန်းမတည့်မီ (၁၀)နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည် သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ကေသီလှိုင်)**
**တွဲဖက်ခရိုင်တရားသူကြီး(၁)**
**ဒဂုံမြို့သစ်ခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
**(တရားမကျင့်ထုံးဥပဒေအမိန့် - ၅၊ နည်းဥပဒေ - ၂၀)**
**ဒဂုံမြို့သစ်ခရိုင် တရားရုံးတော်**
**၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၁၁၇**

ဦးမင်းသန့် နှင့် ၁။ ဦးဝင်းထွန်း
၂။ ဦးဝင်းဇော်
**တရားလို** **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ အိုးဘိုလမ်း၊ အမှတ်-၃/၉ နေ (၁)တရားပြိုင် ဦးဝင်းထွန်းနှင့် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၆)ရပ်ကွက်၊ မိုးမခလမ်းနေ (၂)တရားပြိုင် ဦးဝင်းဇော် (ယခုနေရပ်လိပ်စာမသိ)တို့ သိစေရမည်။

သင့်တို့အပေါ်၌ တရားလို ဦးမင်းသန့်က **"အရောင်းတန်ဖိုးငွေကျပ် ၃၃၅၀,၀၀,၀၀၀ိ/- ( ကျပ် သုံးထောင်သုံးရာငါးဆယ်သိန်းတိတိ) ၏ နှစ်ဆဖြစ်သော ငွေကျပ် ၆၇၀၀,၀၀,၀၀၀ိ/- (ကျပ်သိန်းခြောက်ထောင့်ခုနစ်ရာတိတိ)"** ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၆ ရက် (၁၃၈၈ ခုနှစ်၊ ဒုတိယဝါဆိုလဆုတ် ၈ ရက်)နေ့ မွန်းမတည့်မီ ၁၀:၀၀ နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(စိုးထွန်း)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**ဒဂုံမြို့သစ်ခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ဌေးကြွယ်(က)ရပ်ကွက်၊ ဓမ္မဒါနလမ်း၊ တိုက်အမှတ်(၂၀)၊ ၆-လွှာ/ဘီ ဟုခေါ်တွင်သော အကျယ်အဝန်း ( ၁၅ ပေx၆၀ ပေ )ရှိ ရေ၊ မီးစုံလင်စွာပါရှိသော တိုက်ခန်း(၁)ခန်းအပါအဝင် ယင်းတိုက်ခန်းနှင့် သက်ဆိုင်သည့် အကျိုးခံစားခွင့်အရပ်ရပ်တို့ အား တရားဝင်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူဦးသက်လွင်[၁၀/ မလမ(နိုင်)၀၀၄၈၈၂]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးဖွတ်ရကန်းခမ်း(ခ)သူရလွင်[၁၂/ဗတထ(နိုင်)၀၄၁၈၈၉]မှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုသည့် တိုက်ခန်းတန်ဖိုး စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါ၍ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား မူရင်းများဖြင့် ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ တရားဝင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးအောင်ဖြိုးဝေ (စဉ်-၁၇၄၆၁)** | **ဒေါ်အိအိခင် (စဉ်-၉၇၉၅)** |
| **LL.B** | **LL.B,LL.M,D.M.L** |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၂၃၈)၊ အနော်ရထာလမ်း၊ (၈)ရပ်ကွက်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၄၅၀၀၃၄၁၀၆၊ ၀၉-၇၉၅၃၇၅၉၃၆**

## ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/တောင်ရပ်ကွက်၊ ၉၃-လမ်း၊ အမှတ် (၄၁)၊ ၂- ခန်းတွဲ ၆-ထပ်တိုက်မှ တိုက်မျက်နှာမူလျှင် (ဝဲဘက်ခြမ်း)ရှိ ပထမထပ် (၂-လွှာ)၊ ဒုတိယထပ် (၃-လွှာ)၊ စတုတ္ထထပ် (၅-လွှာ)၊ ပဉ္စမထပ် (၆-လွှာ) စုစုပေါင်းတိုက်ခန်း (၄)ခန်းနှင့် ဝဲဘက်ခြမ်း၏ မြေပိုင်ဆိုင်မှု အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့်စပ်လျဉ်းပြီး အများသိစေရန်

အထက်ပါတိုက်ခန်းများနှင့် မြေပိုင်ဆိုင်မှုအကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဦးတင်ငွေ [၁၂/မဂတ(နိုင်)၀၄၈၈၈၂]မှ ၎င်း၏ တူအရင်းဖြစ်သူ ဦးကျော်အေးလင်း [၁၄/ဟသတ(နိုင်)၁၉၅၉၉၇]အား "မေတ္တာဖြင့် အပြီးအပိုင်ပေးကမ်းခြင်း သဘောတူကတိစာချုပ်"အရ အပြီးအပိုင် ပေးအပ်ခဲ့ပြီးဖြစ်ပါသည်။ အဆိုပါမေတ္တာဖြင့် အပြီးအပိုင်ပေးအပ်ခဲ့ခြင်းအပေါ် ကန့်ကွက်လိုသူများရှိပါက ယနေ့မှ (၁၀)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးတင်ငွေနှင့် ဦးကျော်အေးလင်းတို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ဘော် (စဉ်-၄၀၃၅) LL.B, DBL, DML, DIL, DLP**
**ဒေါ်အေးအေးစိုး (စဉ်-၅၈၂၇ ) B.Sc, Hon (IC), HGP, R.L, D.B.L.**
**ဦးရဲမြင့်ထွန်း (စဉ်-၂၀၂၃၇) LL.B**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ် (၂၇)၊ ၁၂၁-လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**HP:09-5017044, 09-250674940**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၊ လူနေရပ်ကွက်အမှတ်-၄၊ မြေကွက်အမှတ်-၁၀၁၀/ခ၊ (၂၀ပေx ၆၀ပေ)၊ စတုရန်းပေ (၁၂၀၀-ပေ)အကျယ်အဝန်းရှိ ဦးစန်းမြင့်အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေကွက်အပါအဝင် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၁၀၁၀/ခ)၊ ပညာလမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်ဟုခေါ်တွင်သော နေအိမ်အဆောက်အဦအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်တို့အား မိမိကိုယ်တိုင် တရားဝင်ပိုင်ဆိုင်ပြီး စီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိပါသည်ဟု ဝန်ခံကတိပြုသူ ဒေါ်နော်ယဉ်ယဉ်မင်း [၁၂/ဥကတ(နိုင်)၀၄၂၀၇၉]ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေက စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ မြေကွက်နှင့်နေအိမ်အဆောက်အဦတို့၏ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားများယူဆောင်၍ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အထက်ဖော်ပြပါမြေကွက်နှင့် နေအိမ်အဆောက်အဦတို့၏ အရောင်းအဝယ်အား ဥပဒေနှင့်အညီ အပြီးသတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဦးမောင်မောင်သူရ (မြောင်းမြ)** | **ဦးဇေယျာထွန်း** |
| **LL. B, A.G.T.I (EP), D.B.L, D.M.L.** | **(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၈၁၀၈)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၅၃၂)** |
| **ဒေါ်ချယ်ရီလှိုင် (LL. B)** | **ဦးစိုးလွင်ဦး (LL. B)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၆၁)** | **အထက်တန်းရှေ့နေ (စဉ်-၃၇၉၈၁)** |

**အမှတ်-၁၄၇၊ ဒုတိယထပ်၊ လမ်း-၅၀ (အထက်)၊**
**၁၀-ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၉-၅၁ ၈၄၀၄၂ ၊ ၀၉-၇၃ ၁၁၅၁၀၅၊**
**၀၉-၄၂၁၁၀၈၅၅၁၊ ၀၉-၄၂၅၂၈၇၁၃၄**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၃)ရပ်ကွက်၊ အကွက်အမှတ်(ဈ-၂)၊ ဦးပိုင်အမှတ်(၅၄) ခဲစင်းအရှေ့ခြမ်း၊ အနောက်ခြမ်း၊ ၆၀x၆၁ ကြား၊ ၁၀၇x၁၀၈ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်မိုးမိုးသွယ် [၁/ဗမန(နိုင်)၀၅၄၅၃၅]၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၇၂၈/၂၀၁၁) ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးစိုးဝင်းသန့်(MMO-၂၉၅၈၂၀) [၁၂/ဗတထ(နိုင်)၀၂၁၃၆၈]က ဂရန်စာချုပ်တင်ပြ၍ ခဲစင်းပြ မှတ်ပုံတင်အရောင်းအဝယ် စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ပြင်ဆင်ဖတ်ရှုပါရန်

(၁၇-၇-၂၀၂၆)ရက်နေ့ ကြေးမုံသတင်းစာ၏ စာမျက်နှာကြော်ငြာ(၁၉)၊ ကန့်ကွက်နိုင်ကြောင်းကြော်ငြာတွင်ပါရှိသော ဒေါ်ယဉ်ယဉ်အေး(ခ) LOO SEING YIN [၁၂/လမတ(ပြု)၀၀၀၁၆၁]မှ သမီး(၂)ဦးဖြစ်သော လူဆိုက်လျှံ(ခ)ဒေါ်နီလာစိန် [၁၂/လမတ(ပြု)၀၀၀၁၆၂]၊ LU SIKE NAUNG(ခ)ဒေါ်နွယ်နီထွေး [၁၂/လမတ(ပြု)၀၀၀၅၀၄] တို့ထံသို့ မေတ္တာဖြင့်အပြီးအပိုင်ပေးကမ်းမည်ဆိုသည့်အစား ညီမ(၂)ဦးထံသို့ပေးကမ်းသည်ဟု တော်စပ်ပုံအား အမှန်ပြင်ဆင်ဖတ်ရှုပါရန်။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

